# မြခါးပတ်ကျေးရွာ

# လောင်းလုံးမြို့နယ်

## ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၈ - ၂၀၂၂)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

မြခါးပတ်ကျေးရွာ၊ လောင်းလုံးမြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၈ ခုနှစ်၊ ဩဂုတ်လ

# မာတိကာ


| စဉ် | အကြောင်းအရာ | |
|---|---|---|
| | **စကားချီး** | ၃ |
| | **မြခါးပတ်ကျေးရွာ သယံဇာတပြမြေပုံ၊ လောင်းလုံးမြို့နယ်** | ၅ |
| | | |
| **အပိုင်း (က) ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေး လုပ်ငန်းများ** | | |
| ၁။ | **တည်နေရာနှင့် ပထဝီဝင် အနေအထား** | ၇ |
| ၂။ | **ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ** | ၇ |
| ၃။ | **ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ** | ၇ |
| ၄။ | **စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ** | ၈ |
| | (က) သီးနှံ စိုက်ပျိုးရေး | ၈ |
| | (ခ) မွေးမြူရေးလုပ်ငန်း | ၉ |
| | (ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ | ၉ |
| | (ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း | ၁၀ |
| ၅။ | **အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ** | ၁၀ |
| | (က) ကျေးလက် သယ်ယူပို့ဆောင်ရေး | ၁၀ |
| | (ခ) ကျေးရွာ မီးလင်းရေး | ၁၁ |
| | (ဂ) သတင်းနှင့် ဆက်သွယ်ရေး | ၁၁ |
| ၆။ | **ပညာရေး** | ၁၂ |
| ၇။ | **ကျန်းမာရေး** | ၁၂ |
| ၈။ | **ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး** | ၁၃ |
| ၉။ | **ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ** | ၁၄ |
| ၁၀။ | **ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ** | ၁၅ |
| | | |
| **အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက်** | | |
| | စီမံချက်အဆိုပြုလွှာ (၁) | ၁၈ |
| | စီမံချက်အဆိုပြုလွှာ (၂) | ၂၀ |
| | စီမံချက်အဆိုပြုလွှာ (၃) | ၂၂ |
| **နောက်ဆက်တွဲ** | | |
| | နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း | ၂၄ |
| | နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ | ၂၅ |
| | **နောက်ဆက်တွဲ (၃)** ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား | ၄၅ |

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၈/၁၉ ဘဏ္ဍာရေးနှစ်မှ ၂၀၂၂/၂၃ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော် ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူထုအများ စုပေါင်းပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်း ဖြစ်ပါသည်။ ကနဦး အနေဖြင့် စီမံကိန်း ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင် ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကိုအသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင် ပေးရုံသာမက နည်းပေးလမ်းပြ ကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရစရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက် များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေး အစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနစသည့် သက်ဆိုင်ရာ ဦးစီးဌာန အသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နှစ်စဉ် ဦးစားပေးစီမံချက် အဆိုပြုလွှာ၊ ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာတည်ဆောက်မှုအခြေပြဇယား စသည်တို့ကို အဓိကထားဖော်ပြ ထားပါသည်။

**၂၀၁၈ ခုနှစ်၊ ဩဂုတ်လ**

**ကျေးရွာဖွံ့ဖြိုးရေးကော်မတီ**
**မြခါးပတ်ကျေးရွာ**
**လောင်းလုံးမြို့နယ်**

## မြခါးပတ်ကျေးရွာ သယံဇာတပြမြေပုံ၊ လောင်းလုံးမြို့နယ်



# အပိုင်း (က)

## ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေး လုပ်ငန်းများ

## ၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

ပထဝီဝင်အနေအထားအရ တနင်္သာရီတိုင်းဒေသကြီးသည် မြန်မာပြည်၏ တောင်ဘက် အကျဆုံး တိုင်းဒေသကြီးတစ်ခုဖြစ်ပြီး မြောက်ဘက်တွင် မွန်ပြည်နယ်၊ တောင်ဘက်တွင် တနင်္သာရီတိုင်းဒေသကြီး၊ အရှေ့ဘက်တွင် ထိုင်းနိုင်ငံတို့နှင့် နယ်နိမိတ်ချင်း ဆက်စပ်နေသော ဒေသတစ်ခု ဖြစ်ပါသည်။ လောင်းလုံးမြို့သည် တနင်္သာရီတိုင်း ဒေသကြီး၏ မြောက်ဘက်ပိုင်းတွင်တည်ရှိပြီးရေဖြူမြို့နယ်၊ထားဝယ်မြို့နယ်များနှင့်ထိစပ်လျက်ရှိပါသည်။

ပထဝီနေထားအရ မြခါးပတ်ကျေးရွာသည် တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ လောင်းလုံးမြို့နယ်၊ ပြင်ကျောင်းကျေးရွာအုပ်စု အတွင်းရှိတွင်ရှိသော ကျေးရွာငယ်တစ်ခု ဖြစ်ပါသည်။ ကျေးရွာ၏ အရှေ့ဘက်တွင် ပြင်ကျောင်းကျေးရွာ၊ တောင်ဘက်တွင် နတ်စင်ရှောင်ကျေးရွာ၊ အနောက်ဘက်တွင် ဥယျာဉ်ခြံမြေ၊ တောင်တန်းငယ်များနှင့် ရေဒါ ဆက်သွယ်ရေး သွားလမ်းများ ရှိပါသည်။ မြောက်ဘက်တွင် ကဒက်ကြီးကျေးရွာ ရှိပါသည်။ မြခါးပတ်ကျေးရွာဟု ခေါ်ဆိုခြင်းမှာ ရှေးအခါက ရှမ်းအမျိုးသားများ စစ်ဖြစ်ရာ စခန်းချခဲ့ပြီး ထွက်သွားချိန်တွင် မြခါးပတ် ကျန်ရစ်ခဲ့သောကြောင့် မြခါးပတ်ဟု ခေါ်ဆိုခြင်းဖြစ်ပါသည်။ မြခါးပတ်ကျေးရွာသည် မြေပြန့်ပြင်ငယ်များဖြင့် ပေါင်းစပ်ထားသော ဒေသတစ်ခုဖြစ်ပါသည်။ ကျေးရွာ၏ ပုံသဏ္ဌာန်မှာ ရွာတန်းရှည်ပုံသဏ္ဌာန်ရှိပြီး လောင်းလုံးမြို့၏ တောင်ဘက်တွင်ရှိ၍ (၁၀)မိုင်ခန့် ကွာဝေးပါသည်။ ရွာတွင်း၏ တောင်ဘက်သွားရာလမ်းသည် (၅၅၀၀)ပေ ရှိသည်။ လမ်းထိပ်ချောင်းအတွင်းတွင် ကျောက်ကျွဲအိုင် (ခေါ်) ကျောက်လုံးအိုင် ရေအိုင်ရှိပါသည်။ မိုးရာသီတွင်ချောင်းများလည်း ရေလျှံလျက်ရှိပါသည်။ တောင်ဘက်တွင် အိမ်များနှင့် ကပ်လျက်ချောင်းရှိပါသည်။ ရာသီအလိုက် သစ်သီးဝလံများလည်း စိုက်ပျိုးလျက်ရှိသည်။ မွေးမြူရေးလည်း အနည်းငယ်လုပ်ကိုင်ပါသည်။ ကျဘမ်းလုပ်သမားများသည်လည်း ရှိပါသည်။

## ၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

လောင်းလုံးမြို့နယ်၏ (၂၀၁၈) ခုနှစ်အတွင်း မိုးရွာရက်ပေါင်း (၁၃၀) ရက်နှင့် မိုးရေချိန်မှာ (၁၈၉.၇၂) လက်မ အထိ ဖြစ်ပါသည်။ အပူပိုင်း မုတ်သုံရာသီဥတုဖြစ်ပြီး တစ်နှစ်ပျမ်းမျှအပူချိန်မှာ(၂၈)ဒီဂရီ စင်တီဂရိတ်ဖြစ်ပါသည်။ မြခါးပတ်ကျေးရွာတွင် ဓာတု၊ ဓာတ်သတ္တုများ ထွက်ရှိမှုမရှိပါ။ သို့သော်လည်း တောင်တန်းများမှ သစ်တောထွက် ပစ္စည်းများ၊ သစ်ပင်၊ ဝါးပင်များနှင့် ကျေးရွာ ရေချိုချောင်းများမှ သဲများ၊ ကျောက်စရစ်များ ထွက်ရှိပါသည်။ တိရိစ္ဆာန် မျိုးစေ့ များနှင့် အပင်မျိုးစေ့များ မရှိပါ။

## ၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

မြခါးပတ်ကျေးရွာ၏ လူမှုရေး၊ ငွေရေးကြေးရေး၊သာရေးနာရေး၊ ဘာသာရေး၊ ပညာရေး၊ လူမှုဖွံ့ဖြိုးရေး လုံခြုံရေးနှင့် ကာကွယ်ရေး ဘေးကင်းလုံခြုံရေး တို့အတွက် ရည်ရွယ်၍ နာရေးကူညီမှု အဖွဲ့၊ ကျေးရွာဖွံ့ဖြိုး ရေးအဖွဲ့၊ ဂေါပကအဖွဲ့၊ အပျို/ လူပျိုအသင်း၊

ရပ်မိရပ်ဖအဖွဲ့၊ ကျေးရွာကျန်းမာရေးအဖွဲ့၊ လူငယ်အဖွဲ့ စသည်ဖြင့် အဖွဲ့များအားလုံးသည် ကျေးရွာအတွက် သက်ဆိုင်ရာဘက်များမှ အားကောင်းစွာ ပါဝင်ဆောင်ရွက် လျက်ရှိသည်။ နာရေးကူညီမှုအဖွဲ့၊ ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၊ အပျို/လူပျိုအသင်း၊ ရပ်မိရပ်ဖအဖွဲ့၊ လူငယ်အဖွဲ့ တို့သည် ကျေးရွာ၏ သာရေး/နာရေး/လူမှုဖွံ့ဖြိုးရေးလုပ်ငန်းအား အဓိကထားဆောင်ရွက်ပြီး ပူးပေါင်းပါဝင်မှု အားကောင်းပါသည်။ ကျန်းမာရေးအဖွဲ့မှာ ကျေးရွာနေပြည်သူများ၏ ကျန်းမာရေးဆိုင်ရာကိစ္စရပ်များ ပိုမိုအဆင်ပြေစေရေးအတွက် စေတနာအပြည့် ပါဝင်ကြပါသည်။ ဂေါပကအဖွဲ့မှာ ကျေးရွာ၏ သာသာရေးဆိုင်ရာ ကိစ္စရပ်များ ဆောင်ရွက်ရာ၌ စွမ်းဆောင်ရည်ပြည့်ဝပါသည်။ ယခုအခါတွင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးဆောင်ပြီး ကျေးရွာဖွံ့ဖြိုးရေး ကော်မတီကို ကျေးရွာသူ ကျေးရွာသားများကိုယ်တိုင် ပူးပေါင်းပါဝင်ရွေးချယ် ဖွဲ့စည်း ခဲ့ပါသည်။ ဤကော်မတီသည် ကျေးရွာဖွံ့ဖြိုးရေး အစီ အစဉ်တွင် ပါဝင်သော ဦးစားပေး လုပ်ငန်းများအား သက်ဆိုင်ရာဦးစီးဌာနများ၊ ပြင်ပအဖွဲ့ အစည်းများနှင့် ချိတ်ဆက် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

## ၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

### (က) သီးနှံ စိုက်ပျိုးရေး

ကျေးရွာ၏ အဓိက စိုက်ပျိုးသီးနှံမှာ စပါးဖြစ်ပါသည်။ စပါးထွက်နှုန်းမှာ အများဆုံး တင်း(၈၀)ထွက်ရှိပြီး အနည်းဆုံး(၂၀-၃၀)ကြားထွက်ရှိပါသည်။ ပျှမ်းမျှအားဖြင့် (၁)ဧကလျှင် တင်း(၅၀)ထွက်ပြီး စပါးစိုက်ပျိုးချိန်တွင် လောင်မီးပိုးကျ ရောက်တတ်ပါသည်။ ထို့အပြင် ဝတ်မှုံစထွက်ချိန်တွင် အရွက်များခြောက်ခြင်း၊ ဝါခြင်း၊ ညှိုးခြင်းတို့ အမြဲဖြစ်တတ်ပါသည်။ လယ်ယာသုံး စက်ကိရိယာအဖြစ် ထွန်စက်၊ ရိတ်သိမ်းစက်၊ စပါးချွေစက်တို့ကို အသုံးပြုကြပါသည်။စိုက်ပျိုးမြေနံဘေးရှိ ချောင်း၊မြောင်းများမှာ တိမ်ကောနေသဖြင့် ရေစီးရေလာမကောင်းပါ။ ထို့ကြောင့် မိုးရာသီတွင် ရေငန်ဝင်ရောက်တတ်ပြီး တူးဖော်ရန် လိုအပ်နေပါသည်။ မြစ်ချောင်းနံဘေးရှိ ဓနိပင်များလည်း ခုတ်လှဲရန် လိုအပ်နေပြီး စိုက်ပျိုးရေ လုံလောက်မှုရှိပါသည်။ စိုက်ပျိုးစရိတ်မှာ (၁)ဧကလျှင် (၁၅၀၀၀၀) ခန့်လိုအပ်ပါသည်။ စပါး၏ ဈေးကွက်အခြေအနေမှာ အသင့်အတင့်ရှိပြီး ကျေးရွာတွင် လာရောက်ဝယ်ယူကြပါသည်။ ထို့အပြင် လယ်ထဲသို့သွားရာလမ်းမှာ စက်ယန္တရားများ အသွား အလာများသဖြင့် လမ်းပျက်စီးနေပြီး ကုန်ထုတ်လမ်းဖော်လုပ်ရန် လိုအပ်နေပါသည်။ ထို့အပြင် ကျွန်ုပ်တို့ကျေးရွာ၌ ရာဘာစိုက်ပျိုးဟကမှာ (၁၈၄)ဧကရှိပြီး ထွက်နှုန်းမှာ အသင့်အတင့်ရှိပါသည်။ရာသီပေါ်သီးနှံများအနေဖြင့် ခရမ်းသီး၊ ပန်းဂေါ်ဖီ၊ ပဲတောက်ရှည်၊ သခွားသီး၊ ပန်း အမျိုး မျိုး၊ ချဉ်ပေါင်ရွက်၊ ပြောင်းဖူး၊ ခရမ်းကျွတ်သီး၊ ငရုတ်၊ ဖရဲသီး၊ ကန်စွန်းရွက်၊ ရုံးပတီသီး တို့ကို စိုက်ပျိုးကြပါသည်။ ရာသီပေါ်သီးနှံများကို လယ်ထဲတွင် လည်းကောင်း၊ ဥယျာဉ်ခြံ တွင် လည်းကောင်း စိုက်ပျိုးကြပါသည်။ ထိုအသီးအနှံများသည် တစ်ခါတစ်ရံ ပိုးထိတတ်ပါသည်။ အကျိုးအမြတ်ရရှိမှု အနေဖြင့် စိုက်ပျိုးချိန်တွင် ချေးငွေများ ထုတ်ချေး

ကြပြီး စားဝတ်နေရေးနှင့် လူမှုရေးအတွက် လုံလောက်သော်လည်း အစုငွေ စုယူမှုမှာ အသင့်အတင့်သာရှိပါသည်။ သီးနှံစိုက်ပျိုးရေးကာလမှာ (၃)လခန့် ရှိသော်လည်း ပွင့်လင်းရာသီဖြစ်သော သီတင်းကျွတ်လတွင် ဈေးငွေထုတ်ဈေးမည်ဆိုပါက စိုက်ပျိုးမြေဧက ပိုမိုချဲ့ထွင်လာနိုင်ပါမည်။ ဈေးကွက်အခြေအနေမှာ ကျေးရွာတွင် လည်းကောင်း၊ ကဒက်ကြီးဈေး၊ ရေဖြူဈေး၊ သပြေရောင်ဈေး၊ ကြက်ယက်တွင်းဈေး၊ သကျက်တောဈေး၊ လောင်းလုံးဈေးနှင့် ထားဝယ်မြို့ စည်ပင်သာယာဈေးတို့တွင် လက်လီ လက်ကားစနစ်ဖြင့် ရောင်းဝယ်ကြပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့ကျေးရွာရှိ စိုက်ပျိုး သီးနှံများ ပိုးမွှားရောဂါ ကင်းစေရေး၊ အရည်အသွေး ပြည့်မီစေရေး၊ အပိုဝင်ငွေ ရရှိစေရေး တို့အတွက် စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးသင်တန်းများ ဖွင့်လှစ်ပေးရန်လိုအပ်ပါသည်။

## (ခ) မွေးမြူရေးလုပ်ငန်း

ကျေးရွာတွင် အများအားဖြင့် ဝက်၊ ကြက်၊ နွားတို့ကို မွေးမြူကြပါသည်။ ဝက်မွေးမြူရေးအား စီးပွားအဖြစ် မွေးမြူသူ (၁)ဦးသာရှိပြီး အကောင်(၂၀)ရှိပါသည်။ ကျန်းမာရေးအနေဖြင့် မိုးရာသီတွင် ဝမ်းလျှော၊ တုန်ဖျားများ ဖြစ်တတ်ပါသည်။ ဝက်မွေးမြူရာတွင် ဝက်သားပေါက်(၁)ကောင်အား (၇၀၀၀၀)ခန့် ဝယ်ယူရပြီး (၆)လခန့်မွေးမြူရပါသည်။ ပြန်ရောင်းလျှင် (၂၀၀၀၀၀-၁၈၀၀၀၀)ခန့် ရရှိပါသည်။ ယခုအခါ နိုင်ငံခြားမှ တင်သွင်းသော ဝက်အသားများ ဝင်ရောက်လာသဖြင့် ဈေးကွက်အခြေအနေမှာ အဆင်မပြေလှပါ။ ကြက်မွေးမြူရေးကို စီးပွားအဖြစ် မွေးမြူသူများ မရှိပါ။ သို့ရာတွင် CP ကုမ္ပဏီ၏ အကူအညီဖြင့် (အလျား ၁၈၀'×အနံ ၈၀') ခြံဝင်းထဲတွင် ကြက်အကောင်ပေါင်း(၃၀၀၀)ခန့်ရှိပါသည်။ ထို့အပြင် နွားမွေးမြူရေးလုပ်ကိုင်သူ (၆)ဦးရှိပါသည်။ ထိုကြောင့် ကျွန်ုပ်တို့ကျေးရွာတွင် မွေးမြူရေးပြုလုပ်ရန် စားကျက်မြေများ ရှိသော်လည်း စီးပွားအဖြစ် မွေးမြူရန် နည်းပညာအားနည်းခြင်း၊ အခွင့်အလမ်းမရှိခြင်း၊ အရင်းအနှီးမရှိခြင်းတို့ကြောင့် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ နည်းပါးကြောင်း တွေ့ရှိရပါသည်။

## (ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

ကျေးရွာတွင် စိုက်မွေးမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းအနေဖြင့် လက်သမား၊ ပန်းရံ၊ တောခုတ်၊ စက်ချုပ်၊ အရောင်းအဝယ်၊ ကျောက်စရစ်ထုတ်လုပ်ခြင်းလုပ်ငန်း၊ သဲထုတ်လုပ်ခြင်းလုပ်ငန်း၊ ပို့ဆောင်ရေးလုပ်ငန်း ၊ အစိုးရဝန်ထမ်း တို့ကိုလုပ်ကိုင်ကြပါသည်။ လက်သမားမှာ တစ်ရက်လျှင် လုပ်အားခ အများဆုံး (၁၅၀၀၀)ကျပ်ရရှိပြီး အနည်းဆုံး (၇၀၀၀)ကျပ် ရရှိကာ ပန်းရံအလုပ်သမားများမှာ အများဆုံး (၁၂၀၀၀)ကျပ်နှင့် အနည်းဆုံး (၇၀၀၀)ကျပ် ရရှိပါသည်။ ကျောက်စရစ် ထုတ်လုပ်ခြင်းနှင့် သဲထုတ်လုပ်ခြင်းလုပ်ငန်းလုပ်ကိုင်သူ (၅)ဦးရှိပြီး ဝန်ထမ်းအလုပ်သမားများ မရှိဘဲ မိသားစုဝင် လုပ်အားဖြင့်သာလုပ်ကိုင်ကြပါသည်။ ထိုသူတို့၏ ဝင်ငွေ ရပ်တည်နိုင်မှုမှာ အသင့်အတင့်ရှိပါသည်။ မိုးရာသီတွင် အမျိုးသမီးများ ကောက်စိုက် တစ်နေ့ လုပ်အားခ အနည်းဆုံး(၆၀၀၀) ကျပ် ရရှိပြီး အနည်းဆုံး (၄၀၀၀) ရရှိပါသည်။ အချို့မှာ ရာဘာဥယျာဉ် ပိုင်ဆိုင်သူများထံတွင် အငှားပြုလုပ်ကြပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့ ကျေးရွာရှိ လက်လုပ်လက်စားများ အပို

ဝင်ငွေ ရရှိစေရေး အသက်မွေးဝမ်းကျောင်း လုပ်ငန်းများနှင့် အသေးစားစက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန် လိုအပ်နေပါသည်။

**(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု**

မြခါးပတ်ကျေးရွာတွင် လယ်ယာမြေ လုပ်ကိုင်မှု အတွက် မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေး ဘဏ်မှ ထုတ်ချေးငွေ ရှိပါသည်။ အတိုးနှုန်းမှာ (၇၅)ပြားဖြစ်ပါသည်။ သို့ရာတွင် ပုံစံ(၇) မရရှိ သော လယ်မြေများအတွက် စိုက်ပျိုးရန်ငွေကြေးထောက်ပံ့မှု မရရှိသဖြင့် အခက်အခဲ ရှိပါသည်။ ယူနီဆက်ရန်ပုံငွေ ချေးယူသူ( ၄၀)ဦးနှင့် ဖွံ့ဖြိုးရေးရန်ပုံငွေ ချေးယူသူ (၃၀)ဦး ခန့်ရှိပြီး အတိုးနှုန်းမှာ(၃%) ဖြစ်ပါသည်။ထို့ကြောင့် ချေးငွေရရှိနိုင်ရန်အတွက် ထိုလယ်ယာ မြေများအား ပုံစံ(၇)ရရှိအောင် ဆောင်ရွက်ရန် လိုအပ်နေပါသည်။ ထို့အပြင် စိုက်ပျိုးရေး လုပ်ငန်း လုပ်ကိုင်လိုသူများ၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်လိုသူများ၊ ကုန်ထုတ်လုပ်ငန်း လုပ်ကိုင် လိုသူများနှင့် အရောင်းအဝယ်ပြုလုပ်လိုသူများသည် လုပ်ငန်းလုပ်ကိုင်လို စိတ်ရှိ သော်လည်း အတိုးနှုန်း သက်သာသော ချေးငွေရရှိနိုင်ရေးအတွက် စောင့်မျှော် နေရပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့ ကျေးရွာအတွက် အတိုးနှုန်းသက်သာသော မြစိမ်းရောင်ကျေးရွာ စီမံ ကိန်း ရရှိမည်ဆိုပါက အဆိုပါ လုပ်ငန်းလုပ်ကိုင်လိုသူများ အဆင်ပြေလာပါမည်။

**၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ**

(က) ကျေးလက် သယ်ယူပို့ဆောင်ရေး

မြခါးပတ် ကျေးရွာတွင် ကျေးရွာတွင်းလမ်းသွယ် (၅) လမ်းရှိ ပြီး မြေသားလမ်းများ ဖြစ်ကာ အရည်အသွေး ညံ့ဖျင်းပါသည်။ ပြင်ချောင်း- မြခါးပတ်ကျေးရွာချင်းဆက်လမ်းမှာ (၁၉၀၀)ပေရှိပြီး နွေရာသီတွင် အသုံးပြုရန် အဆင်ပြေသော်လည်း မိုးရာသီတွင် ကမ်းပါး များပြိုကျကာ လမ်းပေါ်သို့ ရေကျော်သဖြင့် သွားရေးလာရေးခက်ခဲကာ စီးပွားရေး လုပ်ငန်း များ ဆောင်ရွက်ရန် နှောင့်နှေးကြန့်ကြာပါသည်။ ကျေးရွာသူ/သားများသည် မိုးရာသီတွင် ကိုယ်ထူကိုယ်ထ စနစ်ဖြင့် စုပေါင်းကာ လမ်းပြုပြင် ထိန်းသိမ်းခြင်းအား တစ်နှစ်လျှင် (၂)ကြိမ်ပြုပြင်ကြပါသည်။ထို့ကြောင့် ထိုကျေးရွာချင်းဆက်လမ်းအား ကျောက်စရစ် မြေသား လမ်း (၁၉၀၀'×၃၀')သို့ တိုးချဲ့ပြီး ရေပွန်များ ဆောင်ရွက်မည်ဆိုပါက လမ်းပန်း ဆက်သွယ်ရေး ပိုမိုအဆင်ပြေလာပါမည်။ ကဒက်ကြီး-မြခါးပတ် ကျေးရွာချင်း ဆက်လမ်းမှာ ပေ(၅၀၀)ရှိပြီး ကျေးရွာသို့ ရာဘာခြံများကိုဖြတ်ပြီး သွားလာရပါသည်။ ထိုလမ်းမှာလည်း မိုးရာသီ၌ သွားလာရန်ခက်ခဲပြီး ကျေးရွာအစီအစဉ်ဖြင့် ပြုပြင်ပြီး ဖြစ်ပါသည်။ ယခုနှစ် ဘဏ္ဍာရေးနှစ်တွင် ထိုကျေးရွာချင်းဆက်လမ်း (၂)လမ်းအား ကျေးလက် လမ်းဦးစီးမှ ဆောင်ရွက်ရန် လျာထားပြီး ဖြစ်ပါသည်။ မြခါးပတ်ကျေးရွာတွင် (၃၀×၈×၄) ပေ ရှိသော တံတား(၁)စင်းနှင့် (၃×၈×၃)(ရေပွန်(၇)စင်း ရှိပြီး အားလုံးမှာ ကွန်ကရစ်ဖြင့် ပြုလုပ်ထား ပါသည်။ တံတားများ တည်ဆောက်ထားသည်မှာ (၅)နှစ်အထက် ရှိနေပြီဖြစ်သည့်အတွက် အရည်အသွေး ညံ့ဖျင်းပြီး ပြုပြင်ရန် လိုအပ်နေပါသည်။ မြစ်၊ ပင်လယ်တို့နှင့် မနီးသဖြင့်

ရေကြောင်းအသုံးပြုမှုများ မရှိပါ။ စက်ဘီးမှာ အလယ်တန်းနှင့် အထက်တန်း ကျောင်းသားများ ကဒက်ကြီး(အ.ထ.က)ကျောင်းသို့ သွားလာရာ၌ အသုံးပြုကြပါသည်။ စီးပွားရေး၊ လူမှုရေးနှင့် ပို့ဆောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာ၌ မော်တော်ဆိုင်ကယ်နှင့် သုံးဘီးဆိုင်ကယ်ကိုသာ အများအားဖြင့် အသုံးပြုကြပါသည်။ ထော်လာဂျီမှာ ကျေးရွာတွင် သဲထုတ်လုပ်ခြင်းလုပ်ငန်းနှင့် ကျောက်စရစ်သယ်ယူခြင်းလုပ်ငန်းတို့တွင် အဓိက သယ်ယူပို့ဆောင်ရေး ယာဉ်အဖြစ် အသုံးပြုကြပါသည်။

**(ခ) ကျေးရွာ မီးလင်းရေး**

မြခါးပတ်ကျေးရွာတွင် မီးတိုင်များ၊ မီးကြိုးများ၊ Transformer တပ်ဆင်ထားပြီးဖြစ်သော်လည်း မီးထုတ်လုပ်မှုမရှိသေးပါ။ ယခုလက်ရှိတွင် ပုဂ္ဂလိကမှ ဒီဇယ်သုံးအင်ဂျင်ဖြင့် လျှစ်စစ်မီးကို တစ်ယူနစ်လျှင် (၇၀၀) ကျပ်နှုန်းဖြင့် အိမ်ထောင်စု (၁၃၃)စုခန့် သုံးစွဲနေပါသည်။ ဆိုလာစနစ်သုံးစွဲသူအနည်းငယ်ရှိပြီးလျှပ်စစ်မီးအသုံးမပြုနိုင်သော အိမ်ထောင်စုများလည်းရှိပါသည်။ လျှပ်စစ်မီး အသုံးမပြုနိုင်သော အိမ်ထောင်စုများမှာ ဖယောင်းတိုင်ကိုသာ အသုံးပြုရပြီး အိမ်ထောင်စု (၁၇)ခန့်ရှိပါသည်။ ကွျန်ုပ်တို့ကျေးရွာတွင် လျှပ်စစ်မီးရရှိလာပါက ကျောင်းသားများ ပညာရေးအတွက် အဆင်ပြေခြင်း၊ ကျေးရွာအတွင်း အသေးစားစက်မှုလုပ်ငန်းများ တိုးတက်လာစေမှုနှင့် ကျေးရွာသူ/သားများလည်း ကုန်ကျစရိတ်သက်သာလာပါမည်။

**(ဂ) သတင်းနှင့် ဆက်သွယ်ရေး**

မြခါးပတ်ကျေးရွာတွင် ဖုန်းလိုင်းများနှင့် အင်တာနက်လိုင်းများ အသင့်အတင့်ကောင်းမွန်ပါသည်။ တီဗွီနှင့် စလောင်းများလည်း အိမ်တိုင်းလိုလိုရှိပါသည်။ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူများသည် ရေဒီယိုအား အများအားဖြင့် အသုံးပြုကြပါသည်။ ထို့ကြောင့် သတင်းအချက်အလက်နှင့် နည်းပညာရရှိမှု၊ ကျန်းမာရေးဆိုင်ရာ အသိပညာများ၊ စိုက်ပျိုး/မွေးမြူရေးဆိုင်ရာ အသိပညာ ဗဟုသုတများ အတွက် ဗဟုသုတ အနည်းငယ်ရှိ သည်ဟုဆိုနိုင်ပါသည်။ ကျေးရွာတွင် လူငယ်များ စာပေလေ့လာရန်အတွက် ယူနီဆက်အကူ အညီဖြင့် ထောက်ပံ့ထားသော စာကြည့်တိုက်ရှိသော်လည်း ကျေးရွာနေပြည်သူများ စာပေ လေ့လာဖတ်ရှုမှုအားနည်းပြီး အများအားဖြင့် Facebook, Viber & Messager တို့ကိုသာ အသုံးပြုသူများကြပါသည်။ ထို့အပြင် သတင်းစာ၊ ဂျာနယ် ရရှိမှု အားနည်းပြီး ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ဆရာမများ လောက်သာရရှိပါသည်။သို့သော်လည်း အင်တာနက်လိုင်းများ အသင့်အတင့်ကောင်းမွန် သောကြောင့် ဗဟုသုတနှင့် နည်းပညာလေ့လာချင်သူများအတွက် အခွင့်အလမ်းကောင်းများ ရှိပါသည်။

## ၆။ ပညာရေး

မြခါးပတ်ကျေးရွာတွင် မူလတန်းအဆင့် ပညာရေးသာ ရှိပါသည်။ ကျောင်းမှာ (၆၀'×၄၀' ×၁၅')ရှိသော တစ်ထပ်တိုက်ပုံစံ ဖြစ်ပါသည်။ ကျောင်းတွင် ဆရာ(၁)ဦးနှင့် ဆရာမ (၅)ဦး ရှိပါသည်။ ကျောင်းသား (၃၁)ဦးနှင့် ကျောင်းသူ(၃၉)ဦးရှိပြီး စုစုပေါင်း (၇၀)ဦးရှိပါသည်။ KGကလေးများ နေထိုင်ရန် အဆောက်အဦလုံလောက်မှု မရှိကြောင်း တင်ပြသဖြင့် ယခုနှစ်တွင် ပညာရေးဌာနမှ ဆောက်လုပ်သော (၆၀'×၃၀' ×၁၅')ရှိ အဆောက်အဦတစ်ခု ထပ်မံ ရရှိပါသည်။ ကျောင်းအိမ်သာမှာ (၂)ခန်းတွဲ အိမ်သာ (၁)ဆောင် သာရှိပြီး ဆရာ/ဆရာမများ သုံးစွဲရန် မရှိပါ။ ဆရာ/ဆရာမများမှာ ကျောင်းနံဘေးအိမ်များ၌ အဆင်ပြေသလို အသုံးပြုကြပါသည်။ အိမ်သာအခြေအနေမှာ သန့်ရှင်းမှု အသင့်အတင့်သာ ရှိပြီး ကျန်းမာရေးနှင့် ကိုက်ညီမှုမရှိပါ။ထို့ကြောင့် ကျောင်းသား/ကျောင်းသူများ ကျန်းမာရေး နှင့် ညီညွတ်စေရန်နှင့် ဆရာ/ဆရာမများ အဆင်ပြေစေရေးအတွက် အိမ်သာများ ဆောက် လုပ်ပေးရန် လိုအပ်နေပါသည်။ ကျောင်းတွင် ကျောင်းသုံးပရိဘောဂများ လုံလောက်မှုမှာ အသင့်အတင့်ရှိပြီး အာဟာရ တိုက်ကျွေးမွေးမှုမှာ တစ်ခါတစ်ရံရှိပါသည်။ ကျောင်းတွင် သောက်သုံး ရေလုံလောက်မှု ရှိစေရန်အတွက် ကျေးရွာမှ စိမ့်စမ်းရေဖြင့် ပိုက်သွယ်တန်း ပေးထားပါသည်။ကျောင်းသည် ရွာ၏ အလယ်တွင်ရှိသဖြင့် ကျောင်းသား/သူများ အဆင်ပြေ ချောမွေ့စွာသွားလာနိုင်ပါသည်။ အလယ်တန်းနှင့် အထက်တန်းပညာရေးအား ကဒက်ကြီး ကျေးရွာ အထက်တန်း(ခွဲ)တွင် ပညာသင်ယူကြပြီး ကျေးရွာမှ(၅)ဖာလုံခန့် ကွာဝေးပါသည်။ စက်ဘီးစီးနိုင်သော ကလေးများက စက်ဘီးနှင့်သွား၍ စက်ဘီးမစီးနိုင်သော ကလေးများ အား မိဘများမှ ဆိုင်ကယ်ဖြင့် ကြိုပို့ပြုလုပ်ရပါသည်။ သို့သော် ကျွန်ုပ်တို့ကျေးရွာတွင် အလယ်တန်းနှင့် အထက်တန်းပညာရေးသင်ကြားသူ ကျောင်းသားဦးရေ အသင့်အတင့် ရှိသော်လည်း တက္ကသိုလ်အဆင့် ပညာသင်ကြားသူ နည်းပါးပါသည်။ အဓိကအားဖြင့် ငွေကြေး မတတ်နိုင်ခြင်းကြောင့် တက္ကသိုလ်ဝင်တန်း တစ်နှစ်ကျပါက ပညာဆက်လက် သင်ယူနိုင်ခြင်းမရှိဘဲ ကျပန်းအလုပ်များ (သို့မဟုတ်) နိုင်ငံခြားတိုင်းပြည်များသို့ စီးပွားရှာရန် ထွက်သွားရခြင်းတို့ကြောင့်ဖြစ်ပါသည်။ ထိုကြောင့် လက်ရှိ ပညာရေးအခြေအနေကို သုံးသပ် ရာတွင် ကျောင်းနေအရွယ် ကလေးများ၏ ပညာရေးအခြေအနေမှာ အခက်အခဲရှိနေ ကြောင်း တွေ့ရပါသည်။ ထိုကြောင့် မြခါးပတ် ကျေးရွာ တွင်ကျေးရွာမူလွန် ကျောင်းအဆင့် မြှင့် တင်ပေးရန်နှင့် ပညာရေးအသိပညာ ဟောပြောပွဲ များပြုလုပ် ပေးရန် လိုအပ်နေပါသည်။

## ၇။ ကျန်းမာရေး

မြခါးပတ်ကျေးရွာသည် အုပ်စုခွဲကျေးရွာဖြစ်၍ ကျေးလက်ဆေးပေးခန်း မရှိပါ။ ကျေးရွာတွင် ကြီးကြပ်(၂) ကျန်းမာရေးဆရာမ(၁)ဦးရှိပါသည်။ဆရာမအား နေ့ညမရွေး ခေါ် ဆိုရန် အဆင်ပြေပါသည်။ ကျေးလက်ကျန်းမာရေးဌာနမှာ ရေဖြူကျေးရွာတွင်ရှိပြီး ကျေးရွာ မှ(၂/၂)မိုင် ကွာဝေးပါသည်။ ထိုဆေးခန်းတွင် အခန်း၊ ကုတင်လုံလောက်မှု ရှိပြီး ဆေးဝါး လည်း ပြည့်စုံပါသည်။ ကျွန်ုပ်တို့ကျေးရွာတွင် ဆေးဝါးများ ဝယ်ယူရန် ဆေးဆိုင်မရှိသော် လည်း အနီးအနား ကျေးရွာများဖြစ်သော ရေဖြူကျေးရွာနှင့် ကဒက်ကြီးကျေးရွာတို့တွင်

လွယ်ကူစွာ ဝယ်ယူနိုင်ပါသည်။ ကျေးရွာတွင် သွေးတိုးရောဂါမှာ ဖြစ်ပွားမှုအများဆုံးဖြစ်ပြီး ကျေးရွာနေလူများ၏ (၅)ပုံ (၁)ပုံခန့်ရှိပါသည်။ အခြားရောဂါ များအနေဖြင့် ဆီးချိုရောဂါ၊ ပန်းနာရင်ကြပ်ရောဂါ၊ တီဘီရောဂါဖြစ်ပွားမှု အနည်းငယ် ရှိပါသည်။ မိုးဦးကျရာသီများဖြစ်သော ဝါဆို၊ ဝါခေါင်လများတွင် ကလေးငယ် များ၌ သွေးလွန်တုတ်ကွေး ရောဂါဖြစ်ပွားမှုနှုန်း မြင့်မားပါသည်။ကျွန်ုပ်တို့ကျေးရွာတွင် ယူနီဆက်ထောက်ပံ့မှုဖြင့် ဖွဲ့စည်းထားသော ကျေးရွာကျန်းမာရေးအဖွဲ့ရှိပါသည်။ ထိုအဖွဲ့သည် ကိုယ်ဝန်သည်များအား မေးခိုင်ကာကွယ်ဆေး၊ သံဓါတ်အားဆေး တိုက်ကျွေးမှုများ၊ ကလေးငယ်များအား ပေါင်ချိန်ခြင်း၊ ဆင်ခြေတောက်ဆေးတိုက်ကျွေးခြင်း၊ ပိုလီယိုရောဂါ ကာကွယ်ဆေးများ တိုက်ကျွေးခြင်း စသည်တိုတွင် ပူးပေါင်းပါဝင်ကြပါသည်။ တစ်ခါတစ်ရံ ကလေးရှိသောအိမ်ထောင်စုများနှင့် ကိုယ်ဝန်သည်ရှိသော အိမ်ထောင်စုများတွင် ဆေးစိမ် ခြင်ထောင် များပေးခြင်း၊ သောက်ရေသုံးရေတို့တွင် ကလိုရင်းဆေးရည်များ ခတ်ပေးခြင်း တို့ကို ဆောင်ရွက်ပေးပါသည်။ ရောဂါပြင်းထန်လျှင် လောင်းလုံး ပြည်သူ့ဆေးရုံနှင့် ထားဝယ်ပြည်သူ့ ဆေးရုံကြီးသို့ သွားရောက်၍ ကုသကြရပါသည်။ ကျေးရွာတွင် အများအား ဖြင့် ယင်လုံအိမ်သာများကို သုံးစွဲကြပြီး ယင်လုံအိမ်သာအသုံးမပြုနိုင်သူ အိမ်ထောင်စု(၄၂)စုရှိပါသည်။ အိမ်သာမရှိသူများမှာ အများအားဖြင့် လက်လုပ်လက်စား ကျပန်း အလုပ်သမားဖြစ်ကြပြီး အိမ်နီးချင်းများ(သို့) ဆွေမျိုးအိမ်များတွင် ကြုံသလိုဖြေရှင်း ရပါသည်။ ထိုအိမ်ထောင်စုများအတွက် ယင်လုံအိမ်သာများ တည်ဆောက် ပေးရန် World Vision အဖွဲ့များနှင့် ချိတ်ဆက် ဆောင်ရွက်ရန် လိုအပ်နေပါသည်။

မြခါးပတ် ကျေးရွာတွင်သောက်ရေ၊ သုံးရေအတွက် လက်တူးတွင်းကိုသာ အများအားဖြင့် အသုံးပြုကြပါသည်။ လက်တူးတွင်းမှာ မိုးရာသီနှင့် ဆောင်းရာသီများတွင် လုံလောက်စွာ ရရှိနိုင်သော်လည်း နွေရာသီလများဖြစ်သော တပေါင်း၊ တန်ခူးလများတွင် အနည်းငယ်ခန်းခြောက်မှုများရှိပါသည်။ထို့ကြောင့် ထိုလများတွင် ရေကို မျှတသုံးစွဲကြပါသည်။ နွေရာသီတွင် ရေအခက်အခဲရှိသော အိမ်ခြေမှာ (၄၀)ခန့်ရှိပြီး ထိုပြဿနာဖြေရှင်းနိုင်ရန် အတွက် စိမ့်စမ်းရေသွယ်တန်းမည်ဆိုပါက အဆင်ပြေလာပါသည်။ ကျေးရွာတွင်စိမ့်စမ်း ရေသွယ်တန်းရန် ရေအရင်းအမြစ်မှ ကျေးရွာအထိ (၁/၅)မိုင် ရှိပြီး နွေရာသီတွင် ရေလုံ လောက်စွာရရှိနိုင်ရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ချိတ်ဆက်၍ ရေပေးရေး လုပ်ငန်းများ ပြုလုပ်ပေးမည် ဆိုပါက ပိုမို အဆင်ပြေမည် ဖြစ် ကြောင်း တွေ့ရှိရပါသည်။

**၈။ ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**

မြခါးပတ်ကျေးရွာတွင် ဘေးအန္တရာယ် ကျရောက်မှုမှာ လွန်ခဲ့သော (၄)နှစ်ခန့်က ရေကြီးရေလျှံမှု တစ်ခုဖြစ်ခဲ့သော်လည်း ထိခိုက်မှုများ မရှိပါ။ ထို့အပြင် ချောင်းများတိမ်ကောခြင်းကြောင့် စိုက်ခင်းများအထဲသို့ ရေငန်ဝင်ရောက်မှု အနည်းငယ်ရှိပါသည်။ တိရစ္ဆာန်ရောဂါကျရောက်မှုနှင့် သစ်တောပြုန်းတီးမှု အနည်းငယ်ရှိပြီး ကျေးရွာသူ/သား များသည် မြေယာပိုင်ဆိုင်မှုများနှင့် ပတ်သက်၍ အသိပညာနည်းပါးပါသည်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပတ်သက်၍ အစီအစဉ်ရေးဆွဲထားခြင်းမျိုး မရှိပါ။ မိမိအိမ်မှ ထွက်ရှိသော အမှိုက်သရိုက်များအား စုပုံပြီးမီးရှို့ကြပါသည်။ သို့သော်လည်း လာမည့်နှစ်တွင် ကျေးလက်

ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကူအညီဖြင့် ကျေးရွာအမှိုက် စီမံခန့်ခွဲမှုစနစ် အကောင်အထည်ဖော်ဆောင်ရွက်ရန် လျာထားပါသည်။

## ၉။ ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ

ရပ်ရေးရွာရေးအုပ်ချုပ်မှုပိုင်းတွင် အမျိုးသားများ ဦးဆောင်ပြီး အမျိုးသမီးများ ပါဝင်ပတ်သက်မှု မရှိပါ။အုပ်ချုပ်မှုအပိုင်း စီမံခန့်ခွဲရာတွင် ပိုပိုသေချာစေရေးအတွက် ရပ်မိရပ်ဖ အဖွဲ့တွင် အမျိုးသမီးများထည့်သွင်း ဖွဲ့စည်းသင့်ပါသည်။ အုပ်ချုပ်ရေးမှအပ ပညာရေး၊ ကျန်းမာရေး၊ ဘာသာရေး၊ ကျေးရွာဖွံ့ဖြိုးရေး၊စီးပွားရေးနှင့် လူမှုရေးလုပ်ငန်းများ ဆောင်ရွက်ရာ၌ အမျိုးသမီးများ အများဆုံး ပါဝင်ပါသည်။ မြခါးပတ်ကျေးရွာတွင် အလုပ်လုပ်နိုင်သော အမျိုးသမီးနှင့် အမျိုးသားဦးရေမှာ အတူတူပင် ဖြစ်သည်။ ကျား/မ ဆိုင်ရာ တာဝန်ယူမှု အပိုင်းတွင်လည်း ကျေးရွာလူမှုအဖွဲ့အစည်း၏စံနှုန်းများအရ ကောင်းစွာ သတ်မှတ်ထား ကြသည်။ လွန်ခဲ့သော နှစ်အတွင်း ကျေးရွာအတွင်း မိန်းမပျို/အမျိုးသမီးများအား သံသယဖြစ်ဖွယ် အကြမ်းဖက်မှု (သို့)တိုင်ကြားမှုများ မရှိခဲ့ပါ။

## ၁၀။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ

| ကျေးရွာအုပ်စုအမည် - ပြင်ချောင်း | | | ကျေးရွာအမည် - မြခါးပတ် | |
|---|---|---|---|---|
| စဉ် | ကဏ္ဍ | စီမံချက် | အဆိုပြု လုပ်ငန်းစဉ်များ | မှတ်ချက် |
| ၁ | အခြေခံ အဆောက်အဦ | ကျေးလက် လမ်းတံတား | ပြင်ချောင်း-မြခါးပတ်ကျေးရွာချင်းဆက်လမ်း (၁၉၀၀'×၃၀'×၆') ကျောက်ချောလမ်း အဖြစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်း | ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ကျေးလက်လမ်းဦးစီး |
| ၂ | အခြေခံ အဆောက်အဦ | ကျေးလက် လမ်းတံတား | ကျေးရွာတွင်းလမ်း (၅၃၀၀'×၃၀'×၆') ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်း | ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ကျေးလက်လမ်းဦးစီး |
| ၃ | အခြေခံ အဆောက်အဦ | ကျေးလက် လမ်းတံတား | ကျေးရွာအတွင်း တံတား (၈) စင်း ပြန်လည်ပြုပြင်ရန်လိုအပ်ခြင်း | ပထမဦးစားပေး-၆ |
| ၄ | အခြေခံ အဆောက်အဦ | ကျေးလက် လမ်းတံတား | ကျေးရွာကုန်ထုတ်လမ်း(၂၀၀၀'××၄၀')အားမြေသားလမ်း တိုးချဲ့ဖောက်လုပ်ရန် လိုအပ်ခြင်း | ပထမဦးစားပေး-၄ |
| ၅ | စိုက်ပျိုးရေး | စက်ကိရိယာ | ဆည်မြောင်းများပြန်လည်တိုးချဲ့ရန် လိုအပ်ခြင်း | ပထမဦးစားပေး-၃ |
| ၆ | စိုက်ပျိုးရေး | နည်းပညာ | စိုက်ပျိုးရေး/မွေးမြူရေး နည်းပညာပေး သင်တန်းများ ပြုလုပ်ခြင်း | ပထမဦးစားပေး-၇ |
| ၇ | ကျန်းမာရေး | ကျေးလက်ကျန်းမာရေး ဆေးပေးခန်း၊ ကာကွယ်ဆေးထိုးခြင်း | ကျေးလက်ကျန်းမာရေးဆေးပေးခန်းတည်ဆောက်ခြင်း | ပထမဦးစားပေး-၈ |
| ၈ | ကျန်းမာရေး | ကျေးလက်ကျန်းမာရေး ဆေးပေးခန်း၊ ကာကွယ်ဆေးထိုးခြင်း | ကျန်းမာရေးဆိုင်ရာ ဟောပြောပွဲများပြုလုပ်ခြင်း | ပထမဦးစားပေး-၉ |
| ၉ | ကျန်းမာရေး | ကျေးလက်ကျန်းမာရေး ဆေးပေးခန်း၊ ကာကွယ်ဆေးထိုးခြင်း | စိမ့်စမ်းရေသွယ်တန်းခြင်းလုပ်ငန်း(၀/၅)မိုင် | ပထမဦးစားပေး-၂ |
| ၁၀ | လူငယ်နှင့် အားကစား | အားကစား | ကျေးရွာ အားကစားကွင်း ပြုလုပ်ခြင်း | ပထမဦးစားပေး-၁၀ |
| ၁၁ | လူငယ်နှင့် အားကစား | လူငယ့်အခွင့်အလမ်း | မူးယစ်ဆေးဝါးဟောပြောပွဲသင်တန်းများ ပြုလုပ်ခြင်း | ပထမဦးစားပေး-၁၁ |

## ၁၀။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ

| ကျေးရွာအုပ်စုအမည် - ကဒက်ငယ်ဆိပ် | | | ကျေးရွာအမည် - ကဒက်ငယ်ဆိပ် | |
|---|---|---|---|---|
| စဉ် | ကဏ္ဍ | စီမံချက် | အဆိုပြု လုပ်ငန်းစဉ်များ | မှတ်ချက် |
| ၁၂ | လူငယ်နှင့် အားကစား | လူငယ့်အခွင့်အလမ်း | အသက်မွေးဝမ်းကျောင်း(ဆိုင်ကယ်၊ စက်ချုပ်)သင်တန်းပြုလုပ်ခြင်း | ပထမဦးစားပေး-၁၂ |
| ၁၃ | ငွေကြေး | အသေးစား | အတိုးနှုန်းသက်သာသောချေးငွေလိုအပ်ခြင်း | ပထမဦးစားပေး-၅ |
| ၁၄ | ပညာရေး | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ သင်ထောက်ကူ | ကျောင်းခြံစည်းရိုး (၂၄၂'×၆') အား ကွန်ကရစ်ခြံစည်းရိုး အဖြစ်ပြုပြင်ခြင်း | ပထမဦးစားပေး-၁ |
| ၁၅ | ပညာရေး | ကျောင်းအဆောက်အဦ၊ပရိဘောဂ၊ သင်ထောက်ကူ | ကျောင်းသုံး စာရေးခုံ ပရိဘောဂ(၁၀)စုံအား ဖြည့်ဆည်းခြင်း | ပထမဦးစားပေး-၁၄ |
| ၁၆ | ပညာရေး | ကျောင်းအဆောက်အဦ၊ပရိဘောဂ၊ သင်ထောက်ကူ | ပြတင်းပေါက်(၁၁)ပေါက်ပြုပြင်ရန် လိုအပ်ခြင်း | ပထမဦးစားပေး-၁၅ |
| ၁၇ | ပညာရေး | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ သင်ထောက်ကူ | KGအတန်းတွင် စာရေးစားပွဲများ လိုအပ်ခြင်း၊ ကစားစရာ ပစ္စည်းများ လိုအပ်ခြင်း | ပထမဦးစားပေး-၁၆ |

# အပိုင်း (ခ)

# စီမံချက်ဆိုင်ရာ အချက်အလက်

## စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ (၁)

ကျေးရွာ -မြခါးပတ်
ကျေးရွာအုပ်စု - ပြင်ကျောင်း
မြို့နယ် - လောင်းလုံး
တိုင်းဒေသကြီး / ပြည်နယ် - တနင်္သာရီ

စီမံချက်အမည် - ကျောင်းအုတ်နံရံ ခြံစည်းရိုးကာရံခြင်းလုပ်ငန်း (၂၄၂ ’×၆ ’)

စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ

- ကျေးရွာတွင် ကျောင်းခြံစည်းရိုးပတ်လည် (၄၀၀) ပေ ရှိပါသည်။
- ကျောင်းခြံစည်းရိုးမှာ ကာရံထားသည်မှာ ကြာမြင့်ပြီဖြစ်၍ သစ်တိုင်များ ဆွေးမြေ့နေပြီး ကျွဲ၊ နွားများ ဝင်ရောက်ကာ ကျောင်းသူ/သားများအတွက် လုံခြုံမှု မရှိဖြစ်နေပါသည်။
- မိုးရာသီတွင် ကျောင်းအနောက်ဘက်ရှိ ချောင်းမြောင်းများမှ ရေကြီးရေလျှံမှုများ ဖြစ်တတ်ပါသည်။
- ကျောင်းသည် လမ်းနံဘေးတွင်ရှိသဖြင့် ယာဉ်အန္တရာယ်လည်း စိုးရိမ်ရပါသည်။

စီမံချက်ရည်ရွယ်ချက်(လက်ရှိအခြေအနေအား ပိုကောင်းအောင်ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်)

- ကျောင်းအင်္ဂါရပ်နှင့် ပြည့်စုံစေရန်
- ကျောင်းသား/သူများ လုံခြုံစေရန်
- ကလေးငယ်များ ဘေးအန္တရာယ်ကင်းစွာ ပညာသင်ကြားနိုင်ရန်
- မိုးရာသီတွင် ရေကြီးရေလျှံမှုမှ ကင်းဝေးစေရန်

မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူးများ)

- ကျောင်းအင်္ဂါရပ်နှင့် ပြည့်စုံခြင်းကြောင့် ကျေးရွာ၏ လူနေမှုအဆင့်အတန်းများလည်း မြင့်မားလာမည်။
- ကျောင်းသား/သူများ ယာဉ်အန္တရာယ်ကင်းရှင်းကာ ပျော်ရွှင်စွာ ကစားရပါမည်။
- မိုးရာသီတွင် ရေကြီးရေလျှံမှု ကင်းဝေးပြီး ကလေးများ ကျန်းမာရေးနှင့် ညီညွတ်လာပါမည်။
- ကျန်းမာပျော်ရွှင်စွာ ပညာသင်ကြားနိုင်သည့်အတွက် ကလေးများ၏ ပညာရည်မြင့်မားလာပါမည်။

စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏလုပ်ရမည်)

- ကျောင်းခြံစည်းရိုး ကာရံခြင်းလုပ်ငန်း (၄၀၈ ’×၅ ’)အား ကျေးရွာဖွံ့ဖြိုးရေးရန်ပုံငွေ သိန်း (၁၀၀) ဖြင့် ဆောက်ရွက်မည်။

စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု

| ခန့်မှန်းကုန်ကျစရိတ် (ကျပ်) | ထည့်ဝင်မည့် အစီအစဉ် |
|---|---|
| • ၁၀၀၀၀၀၀၀၀(ငွေသား) | • ကျေးလက် ဦးစီး |
| • xxxxxxxxxx (ငွေသား) | • ကျေးရွာ |
| • xxxxxxxxxx (ပစ္စည်း/လုပ်အား) | • ကျေးရွာ |

| အကျိုးခံစားသူဦးရေ | လူဦးရေ | | | ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ) | | | | |
|---|---|---|---|---|---|---|---|---|
| | ကျား | မ | ပေါင်း | ၁ | ၂ | ၃ | ၄ | ပေါင်း |
| **ကျေးရွာအဆင့်** | ၄၀၇ | ၄၃၃ | ၈၄၀ | ၂၀ | ၇၀ | ၃၀ | ၃၁ | ၁၅၁ |
| **အကျိုးခံစားမည့်သူ ဦးရေ** | ၃၁ | ၃၉ | ၇၀ | ၇ | ၂၀ | ၂၃ | ၂၀ | ၇၀ |
| မှတ်ချက်။ ချောင်လည်အဆင့် –၁၊ အလယ်အလတ်အဆင့် – ၂၊ ဆင်းရဲ – ၃၊ အလွန်ဆင်းရဲ – ၄ | | | | | | | | |

**စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ**

(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း (များ)

- မြခါးပတ်ကျေးရွာ ရပ်မိရပ်ဖအဖွဲ့နှင့် ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊
- မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

(၂) စီမံချက်စတင်မည့် အချိန် ခန့်မှန်း - ၂၀၁၈ခုနှစ်၊ ဒီဇင်ဘာလ (စတုတ္ထပတ်)

(၃) စီမံချက်ပြီးစီးမည့်အချိန် - ၂၀၁၉ခုနှစ်၊ မတ်လ (စတုတ္ထပတ်)

(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် -

- ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ကျေးရွာလုံးကျွတ် အစည်းအဝေးခေါ်ယူပြီး လုပ်ငန်းအစီအစဉ်များကို ပွင့်လင်းစွာ တိုင်ပင်ဆွေးနွေးပါမည်။ကျေးရွာမှ လုပ်အားပါဝင်နေစေရန် ကျေးရွာလူငယ်အဖွဲ့များ၊ ပရဟိတအဖွဲ့များအား စည်းရုံးဆောင်ရွက် သွားပါမည်။

(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

- ကျောင်းခြံစည်းရိုးဆောင်ရွက်ပါက ကျေးရွာကျောင်းကော်မတီများ၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီ ၊ ရပ်မိရပ်ဖနှင့် အုပ်ချုပ်ရေးမှူး အဖွဲ့မှ ကြပ်မတ်ဆောင်ရွက်ပါမည်။ စီမံကိန်းလုပ်ငန်းပြီးစီးပါက ငွေကြေးဆိုင်ရာ ကိစ္စရပ်များအား ပွင့်လင်းမြင်သာစွာ ရှင်းလင်းဖော်ပြပြီး စီမံကိန်းပြီးစီး ကြောင်းကို သက်ဆိုင်ရာဦးစီးဌာနသို့ တင်ပြသွား ပါမည်။

## စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ (၂)

| | | |
|---|---|---|
| ကျေးရွာ | - | မြခါးပတ် |
| ကျေးရွာအုပ်စု | - | ပြင်ချောင်း |
| မြို့နယ် | - | လောင်းလုံး |
| တိုင်းဒေသကြီး / ပြည်နယ် | - | တနင်္သာရီ |

စီမံချက်အမည် - ကျေးရွာကုန်ထုတ်လမ်း(၂၀၀၀ ' × ၄၀ ')အား မြေသားလမ်းတိုးချဲ့ခြင်းလုပ်ငန်း

စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ

- လက်ရှိအခြေအနေမှာ ကျေးရွာကုန်ထုတ်လမ်းမှာ (၂၀၀၀ ' × ၁၂ ')ရှိသော မြေသားလမ်းဖြစ်ပါသည်။
- လမ်းသည် ကျဉ်းမြောင်းပြီး နိမ့်သဖြင့် မိုးရာသီ၌ ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ပါသည်။
- ထိုကုန်ထုတ်လမ်းဖြတ်၍ ဥယျာဉ်ခြံ (၁၈၄)ကေသို့ သွားလာနိုင်ပြီး မိုးရာသီတွင် လမ်းမကောင်းသဖြင့် ဟင်းသီးဟင်းရွက်များအား အချိန်မီရောင်းချရန် ခက်ခဲပါသည်။
- ကုန်စည်စီးဆင်းမှုများ နှောင့်နှေးကြန့်ကြာပါသည်။
- လမ်းကျဉ်းမြောင်းသဖြင့် ထော်လာဂျီနှင့် ဆိုင်ကယ်များ ကုန်ပစ္စည်းသယ်ယူရန် ခက်ခဲပါသည်။

စီမံချက်ရည်ရွယ်ချက်(လက်ရှိအခြေအနေအား ပိုကောင်းအောင်ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်)

- ရာသီမရွေး သွားလာနိုင်စေရန်၊
- ဥယျာဉ်ထွက်သီးနှံများ အချိန်မီရောင်းချကာ ဈေးကောင်းကောင်းရရှိစေရန်၊
- ကုန်ပစ္စည်းသယ်ယူရာတွင် လွယ်ကူချောမွေ့စေရန်၊
- ရေကြီးရေလျှံမှုမှ ကင်းဝေးစေရန်၊

မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူးများ)

- စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်ရာ၌ ပိုမိုချောမွေ့လာပါမည်။
- လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်လာပါမည်။
- ကုန်ပစ္စည်းသယ်ယူရန် လွယ်ကူပြီး ဈေးကွက်ကောင်းမွန်လာပါမည်။
- မိုးရာသီ ရေကြီးမှုမှာလည်း အကာအကွယ် ရရှိလာပါမည်။

စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏလုပ်ရမည်)

ကျေးရွာဖွံ့ဖြိုးရေးရန်ပုံငွေ သိန်း(၁၀၀) ဖြင့် ကျေးရွာကုန်ထုတ်လမ်း(၂၀၀၀ ' × ၄၀ ')အား မြေသားလမ်းတိုးချဲ့ခြင်းလုပ်ငန်း ဆောင်ရွက်ပါမည်။

| စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု | |
|---|---|
| **ခန့်မှန်းကုန်ကျစရိတ် (ကျပ်)** | **ထည့်ဝင်မည့် အစီအစဉ်** |
| • ၁၀၀၀၀၀၀၀(ငွေသား)<br>• ……………….. (ငွေသား)<br>• (ပစ္စည်း/လုပ်အား) | • ကျေးလက်ဦးစီး<br>• ကျေးရွာ<br>• ကျေးရွာ |

| အကျိုးခံစားသူဦးရေ | လူဦးရေ | | | ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ) | | | | |
|---|---|---|---|---|---|---|---|---|
| | ကျား | မ | ပေါင်း | ၁ | ၂ | ၃ | ၄ | ပေါင်း |
| **ကျေးရွာအဆင့်** | ၃၄၃ | ၃၆၇ | ၇၁၀ | ၃၀ | ၅၀ | ၃၆ | ၄၀ | ၁၅၆ |
| **အကျိုးခံစားမည့်သူ ဦးရေ** | ၃၄၃ | ၃၆၇ | ၃၀ | ၅၀ | ၃၆ | ၄၀ | ၄၀ | ၁၅၆ |
| မှတ်ချက်။ ချောင်လည်အဆင့် –၁၊ အလယ်အလတ်အဆင့် – ၂၊ ဆင်းရဲ – ၃၊ အလွန်ဆင်းရဲ – ၄ | | | | | | | | |

**စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ**

| |
|---|
| (၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း (များ)<br><br>ကျေးရွာဖွံ့ဖြိုးရေးကော်မတီအဖွဲ့၊ရပ်မိရပ်ဖ၊လူလတ်အဖွဲ့၊လူပျို/အပျိုအဖွဲ့များမှ တာဝန်ယူဆောက်ရွက်ပါမည်။ |
| (၂) စီမံချက် စတင်မည့် အချိန်ခန့်မှန်း- ၂၀၁၉ခုနှစ်၊ ဇူလိုင်လ |
| (၃) စီမံချက်ပြီးစီးမည့်အချိန် - ၂၀၁၉ခုနှစ်၊ ဒီဇင်ဘာလ |
| (၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် -<br><br>ကျေးရွာအနေဖြင့် လုပ်အားအပြည့်အဝ ကူညီဆောင်ရွက်ပါမည်။ |
| (၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ<br>လမ်းလုပ်ငန်းများဆောင်ရွက်ပါက ကျေးရွာရေပေးရေးကော်မတီ ရပ်မိရပ်ဖနှင့် အုပ်ချုပ်ရေးမှူး အဖွဲ့မှ ကြပ်မတ် ဆောင်ရွက်ပါမည်။ စီမံကိန်းလုပ်ငန်းပြီးစီးပါက ငွေကြေးဆိုင်ရာ ကိစ္စရပ်များအား ပွင့်လင်းမြင်သာ စွာ ရှင်းလင်းဖော်ပြပြီး စီမံကိန်းပြီးစီးကြောင်းကို သက်ဆိုင်ရာဦးစီးဌာနသို့ တင်ပြသွား ပါမည်။ |

## စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ (၃)

| | |
|---|---|
| ကျေးရွာ<br>ကျေးရွာအုပ်စု<br>မြို့နယ်<br>တိုင်းဒေသကြီး / ပြည်နယ် | - မြခါးပတ်<br>- ပြင်ချောင်း<br>- လောင်းလုံး<br>- တနင်္သာရီ |
| စီမံချက်အမည် - ဆည်မြောင်းတူးဖော်ခြင်းလုပ်ငန်း (၄၅၀၀'×၃၀') | |
| စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ<br>➢ ကျေးရွာ၏ အနောက်ဘက်တွင် ရှိပြီး(၄၅၀၀'×၃၀') ရှည်လျားပါသည်။<br>➢ ချောင်းသည် သစ်ပင်၊ဝါးပင် များ ထူထပ်သဖြင့် ချောင်းများရေလျှံ၍ အိမ်များလည်း ရေနစ်ခဲ့ပါသည်။<br>➢ ဥယျာဉ်ခြံမြေများ ရေဝင်ကာ မြေဆီလွှာ ပျက်စီးပါသည်။<br>➢ လယ်ယာကိုင်းကျွန်းများလည်း ရေနစ်၍ ပျက်စီးခဲ့ပါသည်။ ရွာလမ်းများလည်း ပျက်စီးပြီ ပျက်ခဲ့ပါသည်။ | |
| စီမံချက်ရည်ရွယ်ချက်(လက်ရှိအခြေအနေအား ပိုကောင်းအောင်ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်)<br>➢ စိုက်ပျိုးမြေအတွင်းသို့ ရေဝင်ရောက်မှု မရှိစေရန်၊<br>➢ လမ်းများ ရေကြီးရေလျှံမှုမှ ကင်းဝေးစေရန် | |
| မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူးများ)<br>➢ လယ်၊ ယာမြေများ ရေနစ်ခြင်းမှ ကာကွယ်နိုင်လာပါမည်။<br>➢ လမ်းများ ပျက်စီးဆုံးရှုံးခြင်းမှ ကာကွယ်နိုင်မည်။<br>➢ ဥယျာဉ်ခြံသို့ သွားရာလမ်းတွင် ပိုမိုဆင်ပြေလာပါမည်။ | |
| စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏလုပ်ရမည်)<br>ကျေးရွာဖွံ့ဖြိုးရေး ရန်ပုံငွေ သိန်း (၁၀၀) ဖြင့် ဆည်မြောင်းတူးဖော်ခြင်းလုပ်ငန်း(၄၅၀၀'×၃၀') ဆောင်ရွက်ပါမည်။ | |
| စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု | |
| **ခန့်မှန်းကုန်ကျစရိတ် (ကျပ်)** | **ထည့်ဝင်မည့် အစီအစဉ်** |
| • ၁၅၀သိန်း(ငွေသား)<br>• xxxxxxxxxx (ငွေသား)<br>• xxxxxxxxxx (ပစ္စည်း/လုပ်အား) | • ကျေးလက်ဦးစီး<br>• ကျေးရွာ<br>• ကျေးရွာ |

| အကျိုးခံစားသူဦးရေ | လူဦးရေ | | | ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ) | | | | |
|---|---|---|---|---|---|---|---|---|
| | ကျား | မ | ပေါင်း | ၁ | ၂ | ၃ | ၄ | ပေါင်း |
| **ကျေးရွာအဆင့်** | ၃၄၃ | ၃၆၇ | ၇၁၀ | ၃၀ | ၅၀ | ၃၆ | ၄၀ | ၁၅၆ |
| **အကျိုးခံစားမည့်သူ ဦးရေ** | ၃၄၃ | ၃၆၇ | ၃၀ | ၅၀ | ၃၆ | ၄၀ | ၄၀ | ၁၅၆ |
| မှတ်ချက်။ ချောင်လည်အဆင့် –၁၊ အလယ်အလတ်အဆင့် – ၂၊ ဆင်းရဲ – ၃၊ အလွန်ဆင်းရဲ – ၄ | | | | | | | | |

**စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ**

(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း (များ)

- ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ ရပ်မိရပ်ဖနှင့် အုပ်ချုပ်ရေးမှူး

(၂) စီမံချက်စတင်မည့် အချိန် ခန့်မှန်း - ၂၀၁၉ခုနှစ်၊ ဇူလိုင်လ

(၃) စီမံချက်ပြီးစီးမည့်အချိန် - ၂၀၁၉ခုနှစ်၊ ဒီဇင်ဘာလ

(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် -

- ရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ပြီး လုပ်အားနှင့် ငွေအားအသင့်အတင့် ကူညီဆောင်ရွက်ပေးပါမည်။

(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

- လုပ်ငန်းဆောင်ရွက်ပါက ကျေးရွာအဖွဲ့အစည်းများနှင့် ကျေးရွာဖွံ့ဖြိုးရေးကော်မတီများ ကြပ်မတ်ဆောင်ရွက်ပါမည်။
- သက်ဆိုင်ရာဦးစီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ပါမည်။
- လုပ်ငန်းပြီးစီးပါက ရေရှည်တည်တံ့ရေးအတွက် ကျေးရွာနေပြည်သူများနှင့် ဝိုင်းဝန်းထိန်းသိမ်း ဆောင်ရွက်သွားပါမည်။

## မြခါးပတ်ကျေးရွာ ၊ ပြင်ချောင်းကျေးရွာအုပ်စု ၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁ | ဦးစိုးဌေး | ဦးဖစုငယ် | ၆/လလန(နိုင်)၀၆၃၂၃၁ | ၄၅ | နာယက | 09-421382853 |
| ၂ | ဦးအောင်သင် | ဦးထွန်းရှင် | ၆/လလန(နိုင်)၀၁၂၉၁၅ | ၆၀ | နာယက | 09-767605905 |
| ၃ | ဦးသီးညံ့ | ဦးဘညွတ် | ၆/လလန(နိုင်)၀၁၇၇၄၅ | ၅၇ | နာယက | မရှိ |
| | ဦးလှသီး | ဦးကြွေ | ၆/လလန(နိုင်)၀၄၈၈၁၃ | ၅၈ | နာယက | မရှိ |
| ၅ | ဒေါ်မူလွင် | ဦးအောင် | ၆/လလန(နိုင်)၀၇၀၉၁၈ | ၃၉ | ဥက္ကဋ္ဌ | မရှိ |
| ၆ | ဦးအောင်တူး | ဦးဉာဏ်ထွန်း | ၆/လလန(နိုင်)၁၀၈၀၁၆ | ၃၉ | အတွင်းရေးမှူး | 09-455844362 |
| ၇ | ဦးမျိုးဇော်လတ် | ဦးလှသောင်း | ၆/လလန(နိုင်)၁၀၂၅၃၆ | ၃၃ | ဘဏ္ဍာရေးမှူး | 09-421871463 |
| ၈ | ဦးငွေဝင်း | ဦးသန်းရှည် | ၆/လလန(နိုင်)၀၁၂၈၆၂ | ၅၀ | စာရင်းစစ်-၁ | မရှိ |
| ၉ | ဒေါ်နီနီထွေး | ဦးဖေအောင် | ၆/လလန(နိုင်)၁၂၄၅၅၁ | ၂၃ | စာရင်းစစ်-၂ | 09-4260068 |
| ၁၀ | ဒေါ်ဇာဇာခိုင် | ဦးစိုးမြင့် | ၆/လလန(နိုင်)၁၂၄၅၃၅ | ၂၄ | စာရင်းစစ်-၃ | 09-25473362 |
| ၁၁ | ဒေါ်ယဉ်ယဉ်စန်း | ဦးပိုဝင်း | ၆/လလန(နိုင်)၀၈၈၉၈၉ | ၃၄ | စာရင်းစစ်-၄ | 09-422547648 |
| ၁၂ | ဦးကျော်ဝင်း | ဦးဘခွေး | ၆/လလန(နိုင်)၀၄၇၆၃၆ | ၆၅ | အဖွဲ့ဝင် | မရှိ |
| ၁၃ | ဦးထွန်းဝင်း | ဦးအောင်သား | ၆/လလန(နိုင်)၀၁၂၇၈၀ | ၅၄ | အဖွဲ့ဝင် | မရှိ |
| ၁၄ | ဦးစံအေး | ဦးအုန်းစီ | ၆/လလန(နိုင်)၀၆၀၇၉၇ | ၅၂ | အဖွဲ့ဝင် | မရှိ |
| ၁၅ | ဦးကျော်လှိုင် | ဦးလှပို | ၆/လလန(နိုင်)၀၁၂၇၉၁ | ၄၆ | အဖွဲ့ဝင် | မရှိ |

နောက်ဆက်တွဲ (၂)

# ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေအား သုံးသပ်ရန် အထောက်အကူပြု ဇယားများ

## (၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

**ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ**

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၉ | ၄ | ၁၃ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅နှစ်အောက်ကလေးငယ် | ၂၄ | ၂၁ | ၄၅ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၃၈ | ၄၀ | ၇၈ |
| ၁၀ နှစ်မှ ၁၄ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၄၂၉ | ၃၇ | ၆၆ |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၂၈၆ | ၂၉၀ | ၅၇၆ |
| ၆၅ နှစ်အထက် | သက်ကြီးရွယ်ကြီး | ၂၁ | ၄၁ | ၆၂ |
| စုစုပေါင်း | | ၄၀၇ | ၄၃၃ | ၈၄၀ |
| စုစုပေါင်း အိမ်ထောင်စု | | ၁၅၁ | | |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။ ။ ကျွန်ုပ်တို့ကျေးရွာတွင် အိမ်ထောင်စု(၁၅၁)စုရှိပြီး ကျား(၄၀၇)ဦး၊ မ(၄၃၃)ဦး၊ စုစုပေါင်းလူဦးရေ(၈၄၀)ဦး ရှိပါသည်။ ကျေးရွာတွင် တစ်နှစ်အောက်နို့စို့ အရွယ်များ နည်းပါးပြီး ကျေးရွာ ရှိ လူဦးရေစုစုပေါင်း၏ (၁.၅၅%)သာရှိပါသည်။အိမ်ထောင်သည်များ၏ သားဆက်ခြားဆိုင်ရာ အသိပညာတိုးတက်လာမှု ရှိသည်ဟုဆိုနိုင်ပါသည်။** ၅နှစ်အောက် ကလေးငယ် များသည် **လူဦးရေ စုစုပေါင်း၏** (၅.၃၆%)၊ မူလတန်းကျောင်းသားအရွယ် (၉.၂၉%)၊ အလယ်တန်း ကျောင်းသား အရွယ် (၇.၈၆%)၊ **အလုပ်လုပ် နိုင်သည့်အရွယ် (၆၈.၅၇%)၊ သက်ကြီးရွယ်ကြီးအရွယ် (၇.၃၈%) ရှိပါသည်။ ပျမ်းမျှအနေဖြင့် အလုပ်မလုပ်နိုင်သည့် လူဦးရေသည် တစ်ရွာလုံးရှိလူဦးရေ၏ (၃၁.၄၃)% ရှိပြီး အလုပ်လုပ်နိုင်သည့်အရွယ် ကျား(၂၈၆)ဦး၊ မ(၂၉၀)ဦး စုစုပေါင်း(၅၇၆)ဦးရှိပြီး တစ်ရွာလုံး လူဦးရေ၏ (၆၈.၅၇)% ရှိပါသည်။ ကျေးရွာအတွင်း အလုပ်လုပ်နိုင်သော လူဦးရေ များပြားမှုကြောင့် လူသားအရင်း အမြစ်ကောင်းများအဖြစ် ကျေးရွာဖွံ့ဖြိုး တိုးတက်ရေးအတွက် ထောက်ပံ့မှု ပေးနိုင်ပါသည်။**

## (၂) သဘာဝအရင်းအမြစ်နှင့် ရာသီဥတုအခြေအနေ

### (၂.၁) ကျေးရွာ၏ မြေပိုင်ဆိုင်မှု နှင့် ရေအရင်းအမြစ်များ

**ဇယား (၂)ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှုနှင့် ရေအရင်းအမြစ်အခြေအနေ**

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့ | ရေရရှိမှု (ရ/မရ/အနည်း အကျဉ်း) | ရရှိနိုင်သော ရေအရင်းအမြစ် (မြေအောက်ရေ၊ချောင်း၊ မြစ်၊ စိမ့်စမ်း စသည်) |
|---|---|---|---|---|
| လယ်မြေ | ၂၄၅.၉၅ | သင့် | အနည်းအကျဉ်း | မိုးရေ |

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့ | ရေရရှိမှု (ရ/မရ/အနည်းအကျဉ်း) | ရရှိနိုင်သော ရေအရင်းအမြစ် (မြေအောက်ရေ၊ချောင်း၊ မြစ်၊ စိမ့်စမ်း စသည်) |
|---|---|---|---|---|
| တောင်ယာမြေ | | | | |
| ဥယျာဉ်ခြံမြေ | ၁၈၄ | သင့် | အနည်းအကျဉ်း | ချောင်းရေ |
| ကိုင်း/ကျွန်းမြေ | - | | | |
| စားကျက်မြေ | ၇၃ | ညံ့ | မရ | |
| ပလပ်မြေ | ၃၀.၅၀ | ညံ့ | မရ | |
| သစ်တောမြေ | ၅၀ | သင့် | မရ | |
| စုစုပေါင်း | ၅၈၃.၄၅ | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊

မှတ်ချက်။ ။ရေရှိသည့်အရင်းအမြစ်အမျိုးအစား-ဆည်၊မြစ်ရေတင်၊စိမ့်စမ်းရေသွယ်၊မြေအောက်ရေ

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် လယ်မြေ(၂၄၅.၉၅)ဧကရှိပါသည်။ အဓိက ရေအရင်းအမြစ်အဖြစ် မိုးရေကိုသာ အသုံးပြုကြပြီး ရေရရှိမှု အသင့်အတင့် ရှိပါသည်။ မြေဆီလွှာ အရည်အသွေး ညံ့ဖျင်းပါသည်။ကျေးရွာတွင် ယာမြေနှင့် ကိုင်း/ကျွန်းမြေများ မရှိပါ။ ဥယျာဉ်ခြံမြေ (၁၈၄)ဧကတွင် ရာသီပေါ်သီးနှံများကို ချောင်းရေဖြင့် အဓိကထား စိုက်ပျိုးပြီးမြေဆီလွှာအရည်သွေး အသင့်အတင့် ကောင်းမွန်ပါသည်။ စားကျက်မြေ(၇၃)ဧက၊ ပလပ်မြေ(၃၀.၅၀)ဧကနှင့် သစ်တောမြေ (၅၀)ဧကရှိပါသည်။ သစ်တောမြေ၏ မြေဆီလွှာ အရည်အသွေးမှာ အသင့်အတင့်ကောင်းမွန်ပါသည်။ ဆည်/မြောင်းများ မရှိပါ။ မြေအောက်ရေကိုသာ အဓိကထား သုံးစွဲနေရ ပါသည်။

## (၂.၂) ဓာတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ

ဇယား (၃) ဓာတ်သတ္တုနှင့် အခြားသဘာဂအရင်းအမြစ်များ

| အမျိုးအစား | ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ) | အသုံးပြုနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမှီ) |
|---|---|---|
| ကာဗွန် (ဓါတ်ငွေ့/ရေနံ) | - | - |
| ဓာတ်သတ္တု(ကျောက်မျက်၊သတ္တု၊ကျောက်၊ ကျောက်မီးသွေး၊ သဲ) စသည့် | သင့် | လွယ် |
| အခြားသဘာဝအရင်းအမြစ် | - | - |
| တိရစ္ဆာန်မျိုးစိတ်များ | - | - |
| အပင်မျိုးစိတ်များ (လူ၊တိရစ္ဆာန်တို့အတွက် အသုံးဝင်သော) | သင့် | လက်လှမ်းမမှီ |
| ပျှမ်းမျှအပူချိန် – ၂၈ဒီဂရီစင်တီဂရိတ် | ပျှမ်းမျှ မိုးရေချိန် – ၁၈၉.၇၂လက်မ | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊

လေ့လာတွေ့ရှိချက်။ ။မြခါးပတ်ကျေးရွာတွင် ကာဗွန်(ဓါတ်ငွေ့/ရေနံ) ထွက်ရှိမှုများ မရှိပါ။ သဘာဝ တိရစ္ဆာန်မျိုးစိတ်များ မရှိသလောက်နည်းပါးပါသည်။ သဘာဝပင်မျိုးစိတ်များ အနေဖြင့် ဆေးဖက်ဝင် အပင်များ အနည်းငယ်တွေ့ရှိရသော်လည်း အသုံးပြုနိုင်မှု လက်လှမ်းမီမှု မရှိသေးပါ။

သို့သော် သဲနှင့် ကျောက်စရစ်အနည်းအငယ်ထွက်ရှိပြီး အသင့်အတင့် အသုံးချနိုင်ပါသည်။

**(၃) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ**

**ဇယား (၄) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ**

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။) | အဖွဲ့အစည်း၏စွမ်းဆောင်ရည် အခြေအနေ (သို့) ခိုင်မာတောင့်တင်းမှုဆိုင်ရာ ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|
| ၁ | နာရေးကူညီမှုအဖွဲ့ | ၁☐ ၂☑ ၃☐ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✓<br>လုံခြုံရေးနှင့် ကာကွယ်ရေး☐ | နာရေးကူညီမှုအသင်း၏ စွမ်းဆောင်ရည်သည် ကောင်းမွန်ပါသည်။ |
| ၂ | ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့ | ၁☐ ၂☑ ၃☐ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✓<br>လုံခြုံရေးနှင့် ကာကွယ်ရေး☐ | ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၏စွမ်းဆောင်ရည်သည်ခိုင်မာတောင့်တင်းသည်။ |
| ၃ | ဂေါပကအဖွဲ့ | ၁☐ ၂☑ ၃☐ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး ✓<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး☐ | ဂေါပကအဖွဲ့၏စွမ်းဆောင်ရည်သည် ကောင်းမွန်ပါသည်။ |
| ၄ | အပျို/လူပျိုအသင်း | ၁☐ ၂☑ ၃☐ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✓<br>လုံခြုံရေးနှင့် ကာကွယ်ရေး☐ | အပျို/လူပျိုအသင်း၏စွမ်းဆောင်ရည်သည်ခိုင်မာတောင့်တင်းသည်။ |
| ၅ | ရပ်မိရပ်ဖအဖွဲ့ | ၁☐ ၂☑ ၃☐ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✓<br>လုံခြုံရေးနှင့် ကာကွယ်ရေး☐ | ရပ်မိရပ်ဖနှင့် မိဘဆရာအသင်းသည်ကျေးရွာ၏သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေးနှင့် ဆိုင်သောကိစ္စ ရပ်များတွင် ပူးပေါင်း ပါဝင်မှု အားကောင်းပါသည်။ |
| ၆ | ကျေးရွာကျန်းမာရေးအဖွဲ့ | ၁☐ ၂☑၃☐ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး ✓ ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး☐ | ကျေးရွာကျန်းမာရေးအဖွဲ့သည် ကျန်းမာရေးစောင့်ရှောက်မှုအတွက်ပူးပေါင်းပါဝင်မှုအားကောင်းသည်။ |
| ၇ | လူငယ်အဖွဲ့ | ၁☐ ၂☑ ၃☐ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✓<br>လုံခြုံရေးနှင့် ကာကွယ်ရေး☐ | လူငယ်အဖွဲ့သည် ဘာသာရေးနှင့် လူမှုရေးကိစ္စရပ်များတွင် အင်တိုက်အားတိုက်ပါဝင်ပါသည်။ |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

**အုပ်စုအမျိုးအစား**

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်ုပ်တို့ကျေးရွာအတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများအနေဖြင့် နာရေး ကူညီမှုအသင်း၊ ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၊ ဂေါပကအဖွဲ့၊ အပျို/လူပျိုအသင်း၊ ရပ်မိရပ်ဖအဖွဲ့၊ ကျေးရွာ ကျန်းမာရေးအဖွဲ့နှင့် လူငယ်အဖွဲ့တို့ရှိကြပါသည်။ နာရေးကူညီမှုအဖွဲ့၊ ကျေးရွာဖွံ့ဖြိုးရေး အဖွဲ့၊ ရပ်မိရပ်ဖ အဖွဲ့၊ အပျို/လူပျိုအဖွဲ့နှင့် လူငယ်အဖွဲ့မှာ ကျေးရွာ၏ လူမှုဖွံ့ဖြိုးရေး လုပ်ငန်းများ လုပ်ဆောင်ရာတွင် အဓိက ထားလုပ်ဆောင်ကြပြီး အဖွဲ့၏စွမ်းဆောင်ရည်လည်း ခိုင်မာတောင့်တင်း မှုရှိပါသည်။ ကျေးရွာ ကျန်းမာရေးအဖွဲ့မှာ ကျေးရွာနေပြည်သူများ၏ ကျန်းမာရေးဆိုင်ရာ ကိစ္စရပ် များ ပိုမို အဆင်ပြေစေ ရေးအတွက် ကျေးရွာနေပြည်သူများ၏ ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များ ပိုမိုအဆင်ပြေစေရေးအတွက် စေတနာအပြည့် ပါဝင်လုပ်ဆောင်ပေးကြပါသည်။ ဂေါပကအဖွဲ့၏ စွမ်းဆောင်ရည်မှာလည်း ခိုင်မာတောင့်တင်းမှုရှိပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့ကျေးရွာအတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများသည် ကျေးရွာလူထုများနှင့် ပူးပေါင်း၍ အဘက်ဘက်မှ ကူညီလုပ် ဆောင်ပေးနေကြပါသည်။

**(၄) စီးပွားရေးနှင့်အသက်မွေးမှု အခြေအနေ**

**(၄.၁) ဥစ္စာဓနအဆင့်အခြေအနေ**

**ဇယား (၅) ဥစ္စာဓနအဆင့် အခြေအနေ**

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိ သောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည် သောအိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | ၁၀-၁၅ဧကအထက် | ၅-၈ဧက | ၀.၅-၄ဧက | မရှိ |
| အိမ်အခြေအနေ | ၂ထပ်၊သွပ်မိုး၊ အုတ်ကာ၊ သစ်ခင်း | ပျဉ်ထောင်၊ဓနိမိုး၊ သစ်ကာ၊သစ်ခင်း | သစ်တိုင်၊ ဓနိမိုး ၊ သစ်အိမ် | ဝါးတိုင်၊ ဓနိမိုး၊ ဓနိကာ |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု | ကား၊ထော်လာဂျီ၊ သုံးဘီး၊ဆိုင်ကယ်၊ ခြွေစက်၊ထွန်စက် | ဆိုင်ကယ်၊ ထော်လာဂျီ | ဆိုင်ကယ်၊ စက်ဘီး | မရှိ |
| အဓိကစီးပွားရေး လုပ်ငန်း | လယ်၊ကုန်စုံဆိုင် ရာဘာခြံ၊စက် အငှါးလိုက်ခြင်း | လယ်၊ ဈေးရောင်း | လယ်၊ကျဘမ်း၊ စိုက်ပျိုးရေး | ကျဘမ်း |
| အိမ်ထောင်စု | ၂၀ | ၇၀ | ၃၀ | ၃၁ |

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာအနေဖြင့် အဆင်ပြေသော အိမ်ထောင်စုတွင် လယ်မြေ (၁၀-၁၅) ဧကအထက် အထိပိုင်ဆိုင်ကြပြီး အိမ်အခြေအနေမှာ နှစ်ထပ်၊သွပ်မိုး၊ အုတ်ကာ၊ သစ်ခင်းများ

ဖြစ်ကြ ပါသည်။အချို့မှာ လယ်ယာမြေများမရှိဘဲ ရော်ဘာလုပ်ငန်း၊ထော်လာဂျီ၊ ခြွေစက်၊ ထွန်စက်များ အငှားလိုက်ခြင်း၊ ကား၊သုံးဘီးများနှင့် ပို့ဆောင်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ဖြင့် စီးပွားရှာကြ သူများဖြစ်ကြပါသည်။ အလယ်အလတ်ရှိသော အိမ်ထောင်စုမှာ (၇၀) အိမ်ရှိပြီး မြေယာ(၅-၈) ဧက အကြား ဆိုင်ကယ်(၁)စီး၊ ထော်လာဂျီ(၁) စီး စသည်ဖြင့်ပိုင်ဆိုင်ကြပြီး အိမ်အခြေအနေမှာ ပျဉ်ထောင်၊ သွပ်မိုးများ ဖြစ်ကြပါသည်။ အများအားဖြင့် ဈေးရောင်း ဝယ်ခြင်းအား အဓိကလုပ်ကြပြီး လယ်ယာ လုပ်ငန်းလုပ်ကိုင်သူ အနည်းငယ်လည်း ရှိပါသည်။ မပြေလည်သော အိမ်ထောင်စုများမှာ (၃၄) အိမ်ရှိပြီး စီးပွားရေးလုပ်ငန်းမှာ လယ်ယာစိုက်ပျိုးခြင်း၊ ရာသီပေါ်သီးနှံများ စိုက်ပျိုးခြင်းတို့ဖြင့် အသက်မွေး သူများဖြစ်ကြပါသည်။ အချို့မှာ ရော်ဘာခြံ ပိုင်ရှင်များ ထံတွင် စပ်တူလုပ်ခြင်းဖြင့် စီးပွားရှာကြပါသည်။ ၎င်းတို့၏ လယ်ယာပိုင်ဆိုင်မှုမှာ (၀.၅-၄)ဧကအကြား ဖြစ်ကြပါသည်။ ကျေးရွာ အိမ်ထောင်စု ၏(၂၀%)သည် အလွန်မပြေလည်သော အိမ်ထောင်စုများဖြစ်ပြီးမြေယာမဲ့များဖြစ်ကြသည်။ ထိုသူများ၏ အိမ်အခြေအနေမှာ ဝါးတိုင်၊ ဓနိမိုး၊ ဓနိကာများဖြင့် နေထိုင်ရပြီး အများစုမှာ ကျပန်းလုပ်သားများ ဖြစ်ကြပါသည်။

(၄.၂.၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

**ဇယား** (၆) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့်အိမ်ထောင်စု

| စဉ် | မြေပိုင်ဆိုင်မှု အရွယ်အစား | အိမ်ထောင်စု အရေအတွက် | အိမ်ထောင် စု % | ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက် |
|---|---|---|---|---|
| ၁ | မြေယာမဲ့ | ၅၁ | ၃၂.၆၉% | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ဧကအောက်(၁ ဟတ်တာထိ) | ၃၀ | ၁၉.၂၃ % | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ဧကမှ ၅ ဧကထိ (၂ ဟတ်တာထိ) | ၂၈ | ၁၇.၉၄% | တောင်သူငယ် |
| ၄ | ၅ဧကမှ၁၂.၅ဧကကြား (၅ဟတ်တာထိ) | ၃၇ | ၂၃.၇၁% | အလယ်အလတ်စားတောင်သူ |
| ၅ | ၁၂.၅ဧကအထက်(၅ဟတ်တာနှင့် အထက်) | ၁၀ | ၆.၄၁% | တောင်သူကြီး |
| | ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း | ၁၅၆ | ၁၀၀% | |

ရင်းမြစ် ...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ မြခါးပတ်ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စုမှာ စုစုပေါင်း အိမ်ထောင်စု ၏ (၃၂.၆၉%)ရှိပြီး စိုက်ပျိုးမြေ ပိုင်ဆိုင်သူများထံတွင် မှီခိုလုပ်ကိုင်ကြပါသည်။ ဆင်းရဲသား တောင်သူမှာ (၁၉.၂၃%)၊ တောင်သူငယ်မှာ (၁၇.၉၄%)၊ အလယ်အလတ်တောင်သူမှာ (၂၃,၇၁%) နှင့် တောင်သူကြီး (၆.၄၁%) ဖြစ်ပါသည်။

(၄.၂.၂) အဓိကသီးနှံများနှင့် အထွက်နှုန်း

**ဇယား** (၇) အဓိကသီးနှံများနှင့် အထွက်နှုန်း

| သီးနှံ | စုစု ပေါင်း စိုက် | တစ်ဧက အထွက်နှုန်း | အကျိုးအမြတ်ရရှိမှု (နည်း၊သင့်၊များ) |
|---|---|---|---|

| | ကေ | ယူနစ် | အနည်းဆုံး | အများဆုံး | ပျှမ်းမျှ | ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|---|
| စပါး | ၂၆၀.၃၇ | တင်း | ၃၀ | ၆၀ | ၄၅ | သင့် |
| ရော်ဘာ | ၁၈၄ | ပေါင် | ၁၀၀ | ၃၀၀ | ၂၀၀ | သင့် |
| | | | | | | |
| | | | | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။ ။ကျွန်ုပ်တို့ကျေးရွာတွင် အဓိကသီးနှံမှာ စပါးဖြစ်ပြီး စိုက်ပျိုးမြေ (၂၆၀.၃)ကေ ရှိပါသည်။စပါးထွက်နှုန်းမှာ (၁)ကေလျှင် အနည်းဆုံး(၃၀) တင်းနှင့် အများဆုံး (၆၀)တင်းရှိပါသည်။ ပျှမ်းမျှအားဖြင့် (၄၅)တင်း ရှိပါသည်။ စပါးထွက်ချိန်တွင် လောင်မီးပိုးများ ကျရောက်ခြင်း၊ အရွက်စား ပိုးများကျရောက်ခြင်းတို့ရှိတတ်ပါသည်။ ဥယျာဉ်ခြံများတွင် ရော်ဘာ၊ ရာသီပေါ်သီးနှံများနှင့် ပန်းများ အများဆုံး စိုက်ပျိုးကြပါသည်။ ရော်ဘာထွက်နှုန်းမှာ အသင့်အတင့် ရှိပါသည်။ မြခါးပတ်ကျေးရွာသည် စိုက်ပျိုးမြေ အသင့်အတင့်ရှိပြီး စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ များ သဖြင့် စိုက်ပျိုးရေးနှင့် ပတ်သက်သည့် အသိပညာပေးဟောပြောပွဲများ ပြုလုပ်ပေးမည် ဆိုပါက သီးနှံအထွက် နှုန်းတိုးလာနိုင်ပြီး အကျိုး အမြတ်ပိုမိုရရှိလာပါမည်။**

**ဇယား (၈) မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ**

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | မွေးမြူရေးနှင့်ငါးလုပ်ငန်း လုပ်ကိုင်နေသောအိမ်ထောင်စု | ကောင်ရေ |
|---|---|---|
| **မွေးမြူရေး** | | |
| **နွား** | - | - |
| **နို့စားနွား** | - | - |
| **ကျွဲ** | - | - |
| **မြင်း** | - | - |
| မြည်း | - | - |
| လား | - | - |
| ဆိတ် | - | - |
| သိုး | - | - |
| ဝက် | ၁၁ | ၄၄ |
| ကြက် | ၉ | ၃၀၆၁ |
| ဘဲ | ၁ | ၇ |
| နွားနောက် | - | - |
| **ငါးလုပ်ငန်း** | | |
| ငါးကန် | - | - |
| ပုဇွန်ကန် | - | - |

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | မွေးမြူရေးနှင့်ငါးလုပ်ငန်း လုပ်ကိုင်နေသောအိမ်ထောင်စု | ကောင်ရေ |
|---|---|---|
| ဂဏန်း မွေးမြူရေးလုပ်ငန်း | - | - |
| ရေချို ငါးဖမ်းလုပ်ငန်း | - | - |
| ကမ်းလွန် ငါးဖမ်းလုပ်ငန်း | - | - |

**ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။**

**လေ့လာတွေ့ရှိချက်။ ။ ကျွန်ုပ်တို့ကျေးရွာတွင် တစ်ပိုင်တစ်နိုင် မွေးမြူရေးသာ လုပ်ကိုင်ကြပြီး စီးပွားဖြစ်ကြက်မွေးမြူရေး လုပ်ကိုင်သူ(၁)ဦးရှိပြီး (အလျား ၁၈၀'×အနံ ၈၀')ရှိ ခြံဝင်းထဲတွင် ကြက်အကောင်ပေါင်း (၃၀၀၀)ခန့် ရှိပါသည်။ ဝက်မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ (၁)ဦးရှိပြီး အကောင်(၂၀) ရှိပါသည်။ ကျန်အိမ်ထောင်စုများမှာ တစ်ပိုင်တစ်နိုင် မွေးမြူသူများ ဖြစ်ကြပါသည်။ ကျေးရွာတွင် ကြက်မွေးမြူရေးနှင့် ပတ်သက်၍ နည်းပညာ အနည်းအငယ် သိရှိကြပြီး စားကျက်မြေများရှိသော်လည်း စီးပွားဖြစ်မွေးမြူရေးလုပ်ငန်း လုပ်ကိုင်ရန် နည်းပညာ အားနည်းခြင်း၊ အခွင့်အလမ်းမရှိခြင်းတို့ကြောင့် မွေးမြူရေးလုပ်ငန်းမှ ဝင်ငွေရရှိမှု နည်းပါးပါသည်။**

## (၄.၄) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ

ဇယား (၉) **စိုက်ပျိုးမွေးမြူရေး**မဟုတ်သော စီးပွားရေးလုပ်ငန်းများ

| စဉ် | လုပ်ငန်းများ (ထုတ်ကုန်လုပ် ငန်း နှင့် ဝန်ဆောင်မှု) | လုပ်ငန်း အရေအတွက် | ဝန်ထမ်း / အလုပ်သမား အရေအတွက် | မိသားစုဝင် လုပ်အား | ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|
| ၁ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝအရင်းအမြစ်များ ထုတ်လုပ်ခြင်း | ၅ | - | ၂၀ | **လတ်** |
| ၂ | ထုတ်ကုန်လုပ်ငန်း | - | - | - | - |
| ၃ | လျှပ်စစ်၊ဓာတ်ငွေ့နှင့်ရေပေးဝေရေး | - | - | - | - |
| ၄ | ဆောက်လုပ်ရေး၊လက်သမား၊ ပန်းရံ လုပ်ငန်း | ၂၀ | ၃၀ | ၅ | လတ် |
| ၅ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | - | - | - | - |
| ၆ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ) | - | - | - | - |
| ၇ | လက်လီ-လက်ကားရောင်းဝယ်ရေး | ၁၀ | - | ၁၀ | လတ် |
| ၈ | ဟိုတယ် နှင့် စားသောက်ဆိုင် | - | - | - | |

| | | | | | |
|---|---|---|---|---|---|
| | လုပ်ငန်း | | | | |
| ၉ | ပို့ဆောင်ရေး၊ သိုလှောင်ရေး | - | - | - | - |
| ၁၀ | ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ်၊ ငွေချေးခြင်းလုပ်ငန်း အပါ အဝင်ငွေကြေးဝန်ဆောင်မှုလုပ်ငန်း) | - | - | - | - |
| ၁၁ | အိမ်ခြံမြေ ရောင်းဝယ် ငှား ရမ်းခြင်း နှင့် ဆက်စပ်သော လုပ်ငန်းများ | - | - | - | - |
| ၁၂ | ပညာရေး | ၁ | ၉ | - | လတ် |
| ၁၃ | ကျန်းမာရေး | - | - | - | - |
| ၁၄ | လူမှုရေး လုပ်ငန်းများ | - | - | - | - |
| ၁၅ | အခြားကိုယ်ပိုင်လုပ်ငန်းရှင်များ(အ ထက်ဖော်ပြပါလုပ်ငန်းများမှအပ) | - | - | - | - |
| | **စုစုပေါင်းအသက်မွေးလုပ်ငန်းလုပ်ကိုင်သူဦးရေ** | ၃၆ | ၃၉ | ၃၆ | လတ် |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။**

**လေ့လာတွေ့ရှိချက်။ ။ ကျွန်ပ်တို့ကျေးရွာတွင် စိုက်ပျိုးမွေးမြူရေး မဟုတ်သော စီးပွားရေး လုပ်ငန်များအနေဖြင့် ကျောက်စရစ်ထုတ်လုပ်ခြင်းလုပ်ငန်းလုပ်ကိုင်သူ အိမ်ထောင်စု (၄)စု၊ သဲထုတ်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်သူ အိမ်ထောင်စု(၁)စု ရှိပြီး ဝန်ထမ်းအလုပ်သမားများ ငှားရမ်းခြင်းမျိုးမရှိဘဲ မိသားစုဝင် လုပ်သားများဖြင့်သာ လုပ်ကိုင်ကြပါသည်။ ဝင်ငွေရပ် တည်နိုင်မှု အလယ်အလတ်ရှိပါသည်။ဆောက်လုပ်ရေး၊လက်သမား၊ ပန်းရံလုပ်ငန်း လုပ်ကိုင် သူ မိသားစု(၂၀)စုရှိပါသည်။ ဝင်ငွေရပ်တည်နိုင်မှု အသင့်အတင့်ရှိပါသည်။ လက်လီ- လက်ကား ရောင်းဝယ်ရေးလုပ်ငန်း (၁၀)ခုရှိပါသည်။ အဓိကအားဖြင့် မိသားစုဝင် လုပ်အားဖြင့်သာ လုပ်ကိုင်ကြပြီး ဝင်ငွေအသင့်အတင့်ရှိပါသည်။ အခြားလုပ်ငန်းများ အနေဖြင့် ပညာရေးဝန်ထမ်း (၉)ဦးရှိပြီး မိသားစု ဝင်ငွေရပ်တည်နိုင်မှုမှာ အသင့်အတင့် ရှိပါသည်။ ကျွန်ပ်တို့ကျေးရွာတွင် ကျောက်ထုတ်လုပ်ခြင်း၊ သဲထုတ်လုပ်ခြင်း၊ ဆောက်လုပ် ရေး လုပ်သားများ၊ ရောင်းဝယ်ရေး၊ ပို့ဆောင်ရေးနှင့် ပညာရေးလုပ်ငန်းများမှအပ ကျန် စီးပွားရေး လုပ်ငန်းများ လုပ်ကိုင်သူ မရှိ သလောက် နည်းပါးပါသည်။ ထိုကြောင့် ကျွန်ပ်တို့ ကျေးရွာနေပြည်သူများ ဝင်ငွေအဆင့်မြှင့်မား စေနိုင်ရေးအတွက် အသက်မွေးဝမ်းကျောင်း ပညာပေး သင်တန်းများ ပြုလုပ်ခြင်း၊ အလုပ်အကိုင် အခွင့်အလမ်းတိုးတက်ရရှိလာရန် ငွေကြေး အရင်းအနှီး၊ စက်ရုံအလုပ်ရုံများနှင့် ချိတ်ဆက်ခြင်း စသည်တို့ လိုအပ်နေပါသည်။**

## (၅) အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

### (၅.၁) ဈေး

**ဇယား** (၁၀) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

| ဈေးကွက်လက်လှမ်းမီမှု | အနီးဆုံးဈေး | အကြီးစားဈေးကွက်<br>(အဓိက<u>တစ်ခုကိုသာ</u>ဖော်ပြပါရန်) |
|---|---|---|
| **ဈေးအမည် (မြို့/ ရွာ)<br>(အနီးဆုံး<br><u>တစ်ခုကိုသာ</u>ဖော်ပြပါရန်)** | ကဒက်ကြီးကျေးရွာဈေး | ထားဝယ်မြို့စည်ပင်သာယာဈေး |
| **ရွာမှအကွာအဝေး (မိုင်)<br>(အနီးစပ်ဆုံး တစ်ခုကို<br>ခန့်မှန်းပြီး ရွေးချယ်ရန်)** | ၀ မှ ၁ မိုင် ✔ ၁ မှ ၅ မိုင် ☐<br>၅ မှ ၁၀ မိုင်☐ ၁၀မှ ၁၅မိုင် ☐<br>၁၅ မိုင် အထက် ☐ | ၀ မှ ၁၀ မိုင်☐ ၁၁ မှ ၂၀ မိုင် ☐<br>၂၁ မှ ၃၀ မိုင် ✔ ၃၀မှ ၅၀ မိုင် ☐<br>၅၁ မှ ၁၀၀ ☐၁၀၀မိုင်အထက်☐ |
| **သယ်ယူပို့ဆောင်ရေးနည်းလမ်း** | ခြေလျင် ✔ စက်ဘီး☐ ဆိုင်ကယ် ✔<br>ကား/ထော်လာဂျီ ☐ ရထား<br>☐☐ သုံးဘီးဆိုင်ကယ် ☐ လှေ<br>☐☐ စက်လှေ ☐ | ခြေလျင်☐ စက်ဘီး☐ ဆိုင်ကယ် ✔<br>ကား/ထော်လာဂျီ ✔ ရထား ☐<br>သုံးဘီးဆိုင်ကယ် ☐ လှေ ☐<br>စက်လှေ ☐ |

**ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီးအုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု။**

**လေ့လာတွေ့ရှိချက်။ ။ ကျွန်ုပ်တို့ကျေးရွာတွင် ဈေးမရှိပါသဖြင့် အနီးဆုံးဈေးဖြစ်သည့် ကဒက်ကြီး ကျေးရွာဈေးသို့သွားရောက် ရောင်းဝယ်ကြပါသည်။ ကျေးရွာမှ (၄)ဖာလုံခန့်ကွာဝေးပြီး ခြေလျင်သော် လည်းကောင်း၊ ဆိုင်ကယ်ဖြင့်သော်လည်းကောင်း အဆင်ပြေသလို သွားကြပါသည်။ ထိုဈေးတွင် ဟင်းသီးဟင်းရွက်များ၊ အသားငါးများနှင့် ကုန်ခြောက်များ အစုံအလင် ရရှိပါသည်။ အကြီးစား ဈေးကွက်အနေဖြင့် ထားဝယ်မြို့စည်ပင်သာယာဈေးကြီးသို့ သွားရောက်ကြပြီး ကျေးရွာမှ (၂၁) မိုင်ခန့် ကွာဝေးပါသည်။ ၎င်းဈေးကွက်အား ဆိုင်ကယ်ဖြင့်သော်လည်းကောင်း၊ကားဖြင့် သော်လည်းကောင်း သွားနိုင်ပြီး ကားခ အသွားအပြန် (၃၀၀၀) ကျပ်ပေးရပါသည်။ ကျေးရွာချင်း ဆက်လမ်းမှာ အသင့်အတင့် ကောင်းမွန်ပြီး ကုန်စည်များ သယ်ယူပို့ဆောင်ရန် အခက်အခဲ နည်းပါးပါသည်။**

### (၅.၂) ကျေးရွာ၏ လမ်းပန်းဆက်သွယ်ရေးအခြေအနေ

ဇယား (၁၁) ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ

| လမ်း အမျိုးအစား | အမျိုး အစား | အရည်အသွေး | ရာသီအလိုက်<br>သုံးစွဲနိုင်မှု | လမ်းအရှည်<br>(မိုင်) |
|---|---|---|---|---|
| **ရွာတွင်းလမ်း** | ၁ ✔ ၂☐၃☐ ၄☐၅☐ | ကောင်း☐ သင့်☐<br>ညံ့ ✔ | ပွင့်လင်းရာသီ☐<br>တစ်နှစ်ပတ်လုံး ✔ | ၀–၁ မိုင် ☐<br>၁–၅ မိုင် ✔<br>၅–၁၀ မိုင်☐<br>၁၀မိုင်အထက်☐ |
| **ချဉ်းကပ်လမ်း** | ၁☐၂☐၃☐ ၄☐၅☐ | ကောင်း☐ သင့်☐<br>ညံ့☐ | ပွင့်လင်း ရာသီ☐<br>တစ်နှစ်ပတ်လုံး☐ | ၀–၁ မိုင်☐<br>၁–၅ မိုင်☐<br>၅–၁၀ မိုင်☐<br>၁၀မိုင်အထက်☐ |

| လမ်း အမျိုးအစား | အမျိုး အစား | အရည်အသွေး | ရာသီအလိုက် သုံးစွဲနိုင်မှု | လမ်းအရှည် (မိုင်) |
|---|---|---|---|---|
| ရွာချင်းဆက်လမ်း | ၁ ✓ ၂☐၃☐ ၄☐၅☐ | ကောင်း☐ သင့်☐<br>ညံ့ ✓ | ပွင့်လင်း ရာသီ☐<br>တစ်နှစ်ပတ်လုံး ✓ | ၀–၁ မိုင် ✓<br>၁–၅ မိုင်☐<br>၅–၁၀ မိုင်☐<br>၁၀မိုင်အထက်☐ |

ရင်းမြစ်…ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ။မြေသားလမ်း -၁၊ ကျောက်ခင်းလမ်း -၂၊ ကျောက်ချောလမ်း -၃၊ ကွန်ကရစ်လမ်း -၄၊ ကတ္တရာလမ်း -၅

လေ့လာတွေ့ရှိချက်။ ။ကျေးရွာရှိ ရွာတွင်းလမ်းများမှာ မြေသားလမ်း (၅) လမ်း ရှိပြီး အရည်အသွေး ညံ့ပါသည်။ ပြင်ကျောင်း-မြခါးပတ် ကျေးရွာချင်းဆက်လမ်းမှာ မြေသားလမ်းဖြစ်ပြီး လမ်းအရှည် (၁၉၀၀)ပေရှိပါသည်။ထိုလမ်းမှာ နွေရာသီတွင် အသုံးပြုရန် အဆင်ပြေသော်လည်း မိုးရာသီတွင် ကမ်းပါးများပြိုကျပြီး လမ်းပေါ်သို့ရေကျော်ကာ လမ်းပျက်စီးသဖြင့် စီးပွားရေး လုပ်ငန်း ဆောင်ရွက်ရန် နှောင့်နှေးကြန့်ကြာပါသည်။ ကျေးရွာသူ/သားများမှာလည်း မိုးရာသီ ရောက်တိုင်း ၎င်းလမ်းအား တစ်နှစ်လျှင် တစ်ကြိမ်(သို့) နှစ်ကြိမ် ပြုပြင်ထိန်းသိမ်းမှုများ ပြုလုပ်ကြပါသည်။ ကျွန်ုပ်တို့ကျေးရွာ လမ်းပန်းဆက်သွယ်ရေး ပိုမို ကောင်းမွန် လာစေရေးအတွက် ထိုကျေးရွာချင်းဆက်လမ်းအား ကျောက်စရစ်မြေသားလမ်း(၁၉၀၀ ' ×၃၀ ')သို့ တိုးချဲ့ရန် လိုအပ်နေပါသည်။ ကျွန်ုပ်တို့ကျေးရွာသို့ ကဒက်ကြီး ကျေးရွာဘက်မှလည်း သွားလာနိုင်ပါသည်။ ၎င်းလမ်းမှာ အရှည်(၅၀၀) ပေသာရှိပြီး မြေသားလမ်း ဖြစ်ကာ အသုံးပြုမှု နည်းပါသည်။

## (၅.၃) ကျေးရွာ၏ တံတားတည်ရှိမှု

ဇယား (၁၂) ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေ

| တံတား အမျိုးအစား | အရွယ်အစား (အလျား၊အနံ၊အမြင့်) | အရည်အသွေး | တည်ဆောက်ခဲ့သောနှစ် | ရာသီအလိုက် သုံးစွဲနိုင်မှု |
|---|---|---|---|---|
| ဆိပ်ခံတံတား | - | ကောင်း ☐<br>သင့် ☐<br>ညံ့ ☐ | ၆လမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ် ☐<br>၅နှစ် အထက်☐ | ပွင့်လင်း ရာသီ☐<br>တစ်နှစ်ပတ်လုံး☐ |
| ကွန်ကရစ် တံတား | ၃၀ ' ×၈ ' ×၄ ' | ကောင်း ☐<br>သင့် ☐<br>ညံ့ ✓ | ၆လမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ် ☐<br>၅နှစ် အထက် ✓ | ပွင့်လင်း ရာသီ☐<br>တစ်နှစ်ပတ်လုံး ✓ |
| သစ်သား တံတား | - | ကောင်း ☐<br>သင့် ☐<br>ညံ့ ☐ | ၆လမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ် ☐<br>၅နှစ် အထက်☐ | ပွင့်လင်း ရာသီ☐<br>တစ်နှစ်ပတ်လုံး☐ |
| ကြိုးတံတား | - | ကောင်း ☐<br>သင့် ☐<br>ညံ့ ☐ | ၆လမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ် ☐<br>၅နှစ် အထက်☐ | ပွင့်လင်း ရာသီ☐<br>တစ်နှစ်ပတ်လုံး☐ |
| ဝါးတံတား | - | ကောင်း ☐<br>သင့် ☐<br>ညံ့ ☐ | ၆လမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ် ☐<br>၅နှစ် အထက်☐ | ပွင့်လင်း ရာသီ☐<br>တစ်နှစ်ပတ်လုံး☐ |
| ရေပြွန် | | ကောင်း ☐ | ၆လမှ ၁နှစ် ☐ | ပွင့်လင်း ရာသီ☐ |

| တံတား အမျိုးအစား | အရွယ်အစား (အလျား၊အနံ၊အမြင့်) | အရည်အသွေး | တည်ဆောက်ခဲ့သောနှစ် | ရာသီအလိုက် သုံးစွဲနိုင်မှု |
|---|---|---|---|---|
| | | သင့် ☐<br>ညံ့ ☐ | ၂နှစ်မှ ၅နှစ် ☐<br>၅နှစ် အထက်☐ | တစ်နှစ်ပတ်လုံး☐ |
| ရေကျော် | - | ကောင်း ☐<br>သင့် ☐<br>ညံ့ ☐ | ၆လမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ် ☐<br>၅နှစ် အထက်☐ | ပွင့်လင်း ရာသီ☐<br>တစ်နှစ်ပတ်လုံး☐ |

**ရင်းမြစ်…ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။**

**လေ့လာတွေ့ရှိချက်။ ။ မြခါးပတ်ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေမှာ ဆိပ်ခံတံတား၊ သစ်သားတံတား၊ ကြိုးတံတား၊ ဝါးတံတား၊ ရေကျော်နှင့် ရေပြွန်တို့ မရှိပါ။ ကွန်ကရစ် တံတား (၈)စင်း ရှိပါသည်။ ကွန်ကရစ်တံတား၏ အရွယ်အစားမှာ အရှည်ပေ (၃၀'×၈'×၄') ရှိပါသည်။ တံတားများ တည်ဆောက်ထားသည်မှာ (၅)နှစ်အထက်ရှိပြီဖြစ်သဖြင့် ပြန်လည်ပြုပြင်ရန် လိုအပ်နေပါကြောင်း လေ့လာတွေ့ရှိရပါသည်။**

## (၅.၄) ရေကြောင်းသယ်ယူပို့ဆောင်ရေး

ဇယား (၁၃) ရေကြောင်း သယ်ယူပို့ဆောင်ရေး (အသုံးမပြုပါက အကွာအဝေး (မိုင်) အကွက်အောက် ရှိ **အသုံးမပြုပါ**အကွက်တွင် ✓ ခြစ်ပါ)။

| သယ်ယူပို့ဆောင်ရေး | အကွာအဝေး (မိုင်) | ရာသီအလိုက် သုံးစွဲနိုင်မှု |
|---|---|---|
| မြစ်ကြောင်း | ၀ မှ ၁၀ မိုင် ☐<br>၁၁ မှ ၂၀ မိုင် ☐<br>၂၁ မှ ၅၀ မိုင် ☐<br>၅၀မိုင် အထက်☐<br>အသုံးမပြုပါ ✓ | မိုးရာသီ☐တစ်နှစ်ပတ်လုံး☐ |
| ပင်လယ်ရေကြောင်း | ၀ မှ ၁၀ မိုင်☐<br>၁၁ မှ ၂၀ မိုင် ☐<br>၂၁ မှ ၅၀ မိုင် ☐<br>၅၀မိုင် အထက် ☐<br>အသုံးမပြုပါ ✓ | မိုးရာသီ☐တစ်နှစ်ပတ်လုံး☐ |

**ရင်းမြစ်…ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။**

**မှတ်ချက်။**၁ – လှေ၊သမ္ဗာန်၊ ၂ - စက်လှေ၊ ၃ - သင်္ဘော။

**လေ့လာတွေ့ရှိချက်။ ။ မြခါးပတ်ကျေးရွာတွင် မြစ်၊ပင်လယ်တို့နှင့် မနီးသဖြင့် ရေကြောင်းသယ်ယူပို့ ဆောင်မှု မရှိပါ။**

ဇယား (၁၄) သယ်ယူပို့ဆောင်ရေးယာဉ်များ

| ယာဉ်အမျိုးအစား | လှေ၊ သမ္ဗာန် | စက်လှေ | စက်ဘီး | မော်တော်ဆိုင်ကယ် | သုံးဘီးဆိုင်ကယ် | ထော်လာဂျီ | ကား | မြင်းလှည်း | နွားလှည်း |
|---|---|---|---|---|---|---|---|---|---|
| **အရေအတွက်** | - | - | ၉၂ | ၁၃၂ | ၂ | ၂၀ | - | - | - |

**ရင်းမြစ်…အိမ်ထောင်စုစာရင်း ကောက်ယူမှု။**

**လေ့လာတွေ့ရှိချက်။ ။မြခါးပတ်ကျေးရွာတွင် မြစ်ကြောင်းများ မရှိပါသဖြင့် သယ်ယူပို့ဆောင်ရေးတွင် လှေ၊သမ္ဗာန်နှင့် စက်လှေ သုံးစွဲမှုများ မရှိပါ။ စက်ဘီးမှာ အလယ်တန်းနှင့် အထက်တန်းကျောင်းသား/သူများ ကဒက်ကြီးကျေးရွာ အထက်တန်းကျောင်းသို့သွားရာ၌ အများဆုံးအသုံးပြုကြပြီး (၉၂)စီးရှိပါသည်။ ကျွန်ုပ်တို့ကျေးရွာ၏ ကုန်းလမ်းသယ်ယူပို့ဆောင်ရေး ဆောင်ရွက်ခြင်းအတွက် ဆိုင်ကယ်အား အဓိကအသုံးပြုကြပြီး ကျေးရွာတွင် (၁၃၂)စီးရှိပါသည်။ ငွေကြေးပြည့်စုံသူများနှင့် အသင့်အတင့်ရှိသူများတွင် အနည်းဆုံး(၁)စီးမှ (၂-၃)စီးအထိ ရှိကြပါသည်။ မပြေလည်သော အိမ်ထောင်စုများမှာ စက်ဘီးမျှသာရှိပါသည်။ ထို့ပြင် သုံးဘီး ဆိုင်ကယ်(၂)စီးကိုမူ ကုန်ပစ္စည်းများ သယ်ယူပို့ဆောင်ရာတွင် အများဆုံးအသုံးပြုကြပါသည်။ ထော်လာဂျီ (၂၀) စီးကို သဲ၊ကျောက်စရစ်၊ ဝါးများ သယ်ယူရာတွင် အဓိကထားအသုံးပြုပါသည်။**

**(၅.၆) လျှပ်စစ်မီးရရှိမှု**

ဇယား (၁၅) **လျှပ်စစ်မီးရရှိမှု အခြေအနေ**

| ရင်းမြစ် | အိမ်ထောင်စု |
|---|---|
| **မဟာဓာတ်အားလိုင်း** | - |
| ဆိုလာစနစ် | ၆ |
| အသေးစားရေအားလျှပ်စစ် | - |
| ဒီဇယ်သုံးအင်ဂျင် | ၁၃၃ |
| လေစွမ်းအင် | - |
| ဇီဝလောင်စာ | - |
| အမျိုးအမည်ခွဲခြား ဖော်ပြခြင်းမပြုနိုင်သော လျှပ်စစ်ဓာတ်အားပေးစနစ် | ၁၇ |
| **လျှပ်စစ်မီး အသုံးမပြုနိုင်သော** | |

**ရင်းမြစ်…** (၁) **အိမ်ထောင်စုစာရင်း ကောက်ယူမှု၊** (၂) **ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။**

**လေ့လာတွေ့ရှိချက်။ ။ ကျေးရွာ၏ လျှပ်စစ်မီးရရှိမှု အခြေအနေမှာ အသေးစားရေအားလျှပ်စစ်၊ လေစွမ်းအင်၊ ဇီဝလောင်စာ အသုံးပြုခြင်းမရှိပါ။** EPC **မီးလိုင်းမှ တိုင်၊** transformer၊ **မီးကြိုးများ တပ်ဆင်ထားပြီး မီးမထုတ်လွှတ်ရသေးသော အခြေအနေဖြစ်ပါသည်။ ယခုလက်ရှိတွင် ပုဂ္ဂလိကမှ ဆောင်ရွက်ပေးနေသော ဒီဇယ်သုံးအင်ဂျင်စက်မှပေးသော မီးအား တစ်ယူနစ် (၇၀၀) ကျပ် နှုန်းဖြင့် အသုံးပြုလျှက်ရှိပါသည်။ ငွေကြေးမတတ်နိုင်ကြသဖြင့် မျှတသုံးစွဲသူများ လည်းရှိပါသည်။ ကျေးရွာ တွင် ဆိုလာသုံးစွဲသူ အိမ်ထောင်စု(၆)စုရှိပြီး ဖယောင်းတိုင်နှင့် အခြား သုံးစွဲသူ အနည်းငယ် လည်းရှိသည်။ ထို့ကြောင့် ကျွန်ုပ်တို့ကျေးရွာတွင် မဟာဓာတ်အားလိုင်း ချိတ်ဆက်ထားမှု ရှိနေသော် လည်း အချိန်ကာလအားဖြင့်**

ကြာမြင့်နေပြီဖြစ်ပါ၍ အမြန် ဆောင်ရွက်ပေးရန် လိုအပ်နေပါသည်။

(၅.၇) ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်ဆိုင်ရာနည်းပညာ

ဇယား (၁၆) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ

| စဉ် | ဖုန်း | ရေဒီယို | တီဗွီ |
|---|---|---|---|
| အရေအတွက် | ၂၁၄ | ၁၂ | ၁၀၂ |

ရင်းမြစ်…အိမ်ထောင်စုစာရင်း ကောက်ယူမှု။

**လေ့လာတွေ့ရှိချက်။** ။ အိမ်ထောင်စု စာရင်းကောက်ယူမှု မှတ်တမ်းအရ မြခါးပတ်ကျေးရွာတွင် ဖုန်းအရေအတွက်မှာ ၂၁၄လုံး ရှိပြီး ဖုန်းလိုင်းနှင့် အင်တာနက်လိုင်း ဆက်သွယ်ရေးမှာ အသင့်အတင့် ကောင်းမွန်ပါသည်။ ရေဒီယိုသုံးစွဲမှုလည်း အနည်းငယ်ရှိပါသည်။ ထို့အပြင် သတင်းအချက်အလက်နှင့် နည်းပညာများအတွက် တီဗွီ(၁၀၂)လုံးနှင့် စလောင်း (၈၈)လုံးတို့မှ ရယူနိုင်ပါသည်။ ကျေးရွာတွင် ယူနီဆက်အကူအညီဖြင့် ထောက်ပံ့ထားသော ကျေးရွာစာကြည့်တိုက် ရှိသော်လည်း ကျေးရွာနေ ပြည်သူများမှာ စာပေလေ့လာဖတ်ရှုမှု အားနည်းကြပြီး အများအားဖြင့် Facebook, Viber & Messager တို့မှသာ သတင်းအချက်အလက်နှင့် နည်းပညာရယူမှု ပိုများပါသည်။

## (၆) ပညာရေး

### (၆.၁) ကျောင်းတက်နှုန်း

**ဇယား** (၁၇) ကျောင်းတက်နှုန်း

| ပညာရေးအဆင့်အတန်း | ကျား | မ | ပေါင်း |
|---|---|---|---|
| မူလတန်း | ၃၁ | ၃၉ | ၇၀ |
| အလယ်တန်း | ၂၁ | ၂၃ | ၄၄ |
| အထက်တန်း | ၉ | ၂၃ | ၃၂ |
| တက္ကသိုလ်/ကောလိပ် | ၃ | ၉ | ၁၂ |

ရင်းမြစ် … (၁) ကျောင်းဝင်စာရင်း၊ (၂) ဆယ်အိမ်မှူးများ။

**မှတ်ချက်။** ။ဤဇယားကို ဖြည့်သွင်းရာတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ ပညာရေးဝန်ကြီးဌာနမှ အသိအမှတ်ပြုထားသော စာသင်ကျောင်းများ၊ တက္ကသိုလ်ကောလိပ်များတွင် ပညာတက်ရောက်နေ သူများကိုသာ ဖြည့်သွင်းရန်ဖြစ်ပါသည်။ ၎င်းအပြင် **"ဘုန်းကြီးကျောင်းသင်ပညာရေး"** ကို သင်ယူဆည်းပူး နေသော ကျောင်းသူ/သားများကို အခြေခံပညာဦးစီးဌာနမှ သတ်မှတ်ထားသော ပညာရေးစနစ်/အဆင့် သတ်မှတ်ချက်များနှင့်အညီ သတ်မှတ်ဖြည့်သွင်းရန် ဖြစ်ပါသည်။

**လေ့လာတွေ့ရှိချက်။** ။ကျွန်ုပ်တို့ကျေးရွာတွင် ယခုလက်ရှိမူလတန်းကျောင်းတွင် ပညာသင်ကြားနေသူဦးရေမှာ ကျား(၃၁)ဦး၊ မ(၃၉) ဦးခန့်ရှိပြီး အလယ်တန်းအဆင့်တွင် ပညာသင်ကြားနေသူဦးရေမှာ ကျား(၂၁) ဦး၊ မ(၂၃) ဦးခန့်ရှိပြီး၊ အထက်တန်းအဆင့်တွင် ပညာသင်ကြားနေသူ ဦးရေမှာ ကျား ( ၉ ) ဦး၊ မ(၂၃ ) ဦးခန့်ရှိ၍၊ လက်ရှိတက္ကသိုလ်တက် နေသူဦးရေမှာ ကျား(၃)ဦးနှင့် မ(၉) ဦး ရှိပါသည်။မူလတန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် အထက်တန်းအဆင့် ပညာရေးတွင် ကျောင်းနေသူ ဦးရေ အသင့်အတင့်ရှိပါသည်။တက္ကသိုလ် တက်နိုင်သူဦးရေမှာ နည်းပါးလှပါသည်။ အဓိက အကြောင်းအရင်းအဖြစ် ငွေကြေးမတတ်နိုင်ခြင်းတို့ကြောင့် ပညာရေးကို အဆုံးတိုင် မတက်ရောက်

နိုင်ခြင်း၊ ကျေးရွာတွင် ကျပန်းအလုပ်များ (သို့မဟုတ်) နိုင်ငံခြား တိုင်းပြည်များသို့ စီးပွားရှာရန် ထွက်သွားရခြင်းတို့ကြောင့် ကျောင်းသားဦးရေ လျော့နည်းရခြင်းဖြစ်ပါသည်။

## (၆.၂) စာသင်ကျောင်းဆောင်အခြေအနေနှင့် ဝန်ဆောင်မှုများ

ဇယား (၁၈) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

| အကြောင်းအရာ | (၁) | (၂) | (၃) |
|---|---|---|---|
| **က။** ကျောင်းအဆင့် | မူလတန်း ✔<br>မူလွန် ☐<br>အလယ်တန်း(ခွဲ) ☐<br>အလယ်တန်း ☐<br>အထက်တန်း(ခွဲ) ☐<br>အထက်တန်း ☐ | မူလတန်း ☐<br>မူလွန် ☐<br>အလယ်တန်း(ခွဲ) ☐<br>အလယ်တန်း ☐<br>အထက်တန်း(ခွဲ) ☐<br>အထက်တန်း ☐ | မူလတန်း ☐<br>မူလွန် ☐<br>အလယ်တန်း(ခွဲ) ☐<br>အလယ်တန်း ☐<br>အထက်တန်း(ခွဲ) ☐<br>အထက်တန်း ☐ |
| **ခ။**ရွာမှအကွာအဝေး(မိုင်) | ၀ မှ ၁ မိုင် ✔<br>၁ မိုင် မှ ၃ မိုင် ☐<br>၁၅ မိုင် မှ ၂၀ မိုင် ☐<br>၂၀ မိုင် အထက် ☐ | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၁၅ မိုင် မှ ၂၀ မိုင် ☐<br>၂၀ မိုင် အထက် ☐ | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၁၅ မိုင် မှ ၂၀ မိုင် ☐<br>၂၀ မိုင် အထက် ☐ |
| **ဂ။**သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု | ခြေလျင် ✔<br>စက်ဘီး ☐<br>ဆိုင်ကယ် ✔<br>ကား ☐ | ခြေလျင် ☐<br>စက်ဘီး ☐<br>ဆိုင်ကယ် ☐<br>ကား ☐ | ခြေလျင် ☐<br>စက်ဘီး ☐<br>ဆိုင်ကယ် ☐<br>ကား ☐ |
| **ဃ။** စာသင်ကျောင်း၏ စုစုပေါင်းကြမ်းခင်းဧရိယာ (စတုရန်းပေ)* | ၄၂၀၀ | | |
| **င။**အမိုး၊နံရံ၊အခင်း အရည်အသွေး | ကောင်း☐သင့် ✔ ညံ့☐ | ကောင်း☐သင့်☐ ညံ့☐ | ကောင်း☐သင့်☐ ညံ့☐ |
| **စ။**ကျောင်းသုံးပရိဘောဂလုံလောက်မှု | လုံလောက်မှုရှိသည် ✔<br>မလုံလောက်ပါ ☐ | လုံလောက်မှုရှိသည်☐<br>မလုံလောက်ပါ ☐ | လုံလောက်မှုရှိသည်☐<br>မလုံလောက်ပါ ☐ |
| **ဆ။** ကျောင်းအိမ်သာ အခြေအနေ | ကောင်း ☐ သင့် ☐<br>ညံ့ ✔ မရှိ ☐ | ကောင်း ☐ သင့် ☐<br>ညံ့ ☐ မရှိ ☐ | ကောင်း ☐ သင့် ☐<br>ညံ့ ☐ မရှိ ☐ |
| **ဇ။**ကျောင်းအာဟာရတိုက်ကျွေးမှု | တိုက်ကျွေးမှုရှိသည် ✔<br>တိုက်ကျွေးမှု မရှိပါ☐ | တိုက်ကျွေးမှုရှိသည်☐<br>တိုက်ကျွေးမှု မရှိပါ ☐ | တိုက်ကျွေးမှုရှိသည်☐<br>တိုက်ကျွေးမှု မရှိပါ ☐ |

| **ဈ။**ကျောင်းဆရာ/မ ဦးရေ | (၁) ကျား | (၁) မ | (၁) ပေါင်း | (၂) ကျား | (၂) မ | (၂) ပေါင်း | (၃) ကျား | (၃) မ | (၃) ပေါင်း |
|---|---|---|---|---|---|---|---|---|---|
| အစိုးရခန့် | ၁ | ၅ | ၆ | | | | | | |
| ကျေးရွာခန့် | - | - | - | | | | | | |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။

မှတ်ချက်။ ။ကျေးရွာတွင် စာသင်ကျောင်းမရှိပါက (က၊ ခ၊ ဂ) ကိုသာ ဖြေဆိုရပါမည်။ စာသင်ကျောင်း၏ စုစုပေါင်းကြမ်းခင်းဧရိယာ (စတုရန်းပေ = အလျား × အနံ) သည် စာသင် ကျောင်းတစ်ကျောင်းအတွင်းရှိ ကျောင်းအဆောက်အဦအားလုံး၏ စုစုပေါင်းဧရိယာကို ဆိုလိုသည်။

**လေ့လာတွေ့ရှိချက်။** ။ မြခါးပတ်ကျေးရွာရှိ မူလတန်းကျောင်းတွင် (၆၀'×၄၀'×၁၅')ပေ ရှိသော ကျောင်းဆောင်နှင့်(၆၀'×၃၀'×၁၅')ပေရှိသော ကျောင်းနှစ်ဆောင်ရှိပါသည်။ (၆၀'× ၄၀'× ၁၅')ပေရှိ ကျောင်းဆောင်မှာ ကျောင်းဆောင်ဟောင်းဖြစ်ပြီး ပြတင်းပေါက်များ ပျက်စီး နေသဖြင့် ပြင်ဆင်ရန် လိုအပ်နေပါသည်။ (၆၀'×၃၀'×၁၅')ရှိကျောင်းဆောင်မှာ ဆောက်လုပ်ဆဲ ကျောင်း ဆောင်အသစ် ဖြစ်ပါသည်။ ကျောင်းမှာ ရွာထဲတွင်သာရှိသဖြင့် အများအားဖြင့် ခြေလျင်

သွားကြ ပါသည်။ အချို့ကလေးများကိုမူ မိဘများမှ ဆိုင်ကယ်ဖြင့် ပို့ကြပါသည်။ ကျောင်းတွင် ပရိဘောဂ လုံလောက်မှု အသင့်အတင့်ရှိပါသည်။ကျောင်းတွင်(၂)ခန်းတွဲ အိမ်သာတစ်လုံး သာရှိပြီး ကျောင်းသား/သူများသာ အသုံးပြုရပါသည်။အိမ်သာအခြေအနေမှာလည်း ကျန်းမာရေးနှင့် ကိုက်ညီမှုမရှိပါ။ ဆရာ/ဆရာမများမှာ ကျေးရွာဒေသခံများ ဖြစ်ကြ၍ အဆင်ပြေကြသော်လည်း တစ်နယ်တစ်ကျေးမှ လာရောက်တာဝန်ထမ်းသူများအတွက် အခက်အခဲများစွာရှိနိုင်ပါသည်။ ထို့ကြောင့် ကျောင်းသား/သူများ ကျန်းမာရေးနှင့် ညီညွတ်စေရန်နှင့် ဆရာ/ဆရာမများ အဆင်ပြေစေရေး အတွက် ကျောင်းတွင်အိမ်သာများ ဆောက်လုပ်ပေးရန် လိုအပ်နေပါသည်။ ကျောင်းတွင် အာဟာရ တိုက်ကျွေးမှု တစ်ခါတစ်ရံရှိပါသည်။ ဆရာ/ဆရာမများမှာ အစိုးရခန့်များဖြစ်ကြပြီး ကျား(၁)ဦးနှင့် မ(၅)ဦး ရှိ ပါသည်။

## (၇) ကျန်းမာရေး

### (၇.၁) အဖြစ်များသောရောဂါများ

ဇယား (၁၉) **အဖြစ်များသော** ရောဂါများ

| # | *ရောဂါ* | *ပျံ့နှံ့မှု/ဖြစ်ပွားမှု* |
|---|---|---|
| *၁* | ဝမ်းပျက်ဝမ်းလျှော | *မြင့်*☐ *နိမ့်*☐ *မရှိ*✓ |
| *၂* | သွေးလွန်တုပ်ကွေး | *မြင့်*☐ *နိမ့်*☐ *မရှိ*✓ |
| *၃* | ငှက်ဖျား | *မြင့်*☐ *နိမ့်*✓ *မရှိ*☐ |
| *၄* | အသက်ရှူလမ်းကြောင်း ကူးစက်ရောဂါ | *မြင့်*☐ *နိမ့်*✓ *မရှိ*☐ |
| *၅* | HIV, AIDS, လိင်မှတဆင့် ကူးစက်နိုင်သောရောဂါများ | *မြင့်*☐ *နိမ့်*✓ *မရှိ*☐ |
| *၆* | တီဘီ | *မြင့်*☐ *နိမ့်*✓ *မရှိ*☐ |
| *၇* | ဆီးချို | *မြင့်*☐ *နိမ့်*✓ *မရှိ*☐ |
| *၈* | သွေးတိုး | *မြင့်*✓ *နိမ့်*☐ *မရှိ*☐ |
| *၉* | အသည်းရောဂါ ( ဘီ၊ စီ) | *မြင့်*☐ *နိမ့်* ☐*မရှိ*✓ |
| *၁၀* | အာဟာရ ချို့တဲ့မှု | *မြင့်*☐ *နိမ့်*✓ *မရှိ*☐ |
| *၁၁* | အခြား ကူးစက်နိုင်သော ရောဂါများ | *မြင့်*☐ *နိမ့်*✓ *မရှိ*☐ |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။မြခါးပတ်ကျေးရွာတွင် သွေးတိုးရောဂါဖြစ်ပွားမှုနှုန်းများပါသည်။ ငှက်ဖျားရောဂါမှာ ဝါဆို၊ဝါခေါင်လများမှာအပ ကျန်လများတွင် ဖြစ်ပွားမှုနိမ့်ပါသည်။ ကျန်ရောဂါများအနေဖြင့် ပန်းနာရင်ကြပ်၊ HIV၊ AIDs၊လိင်မှတဆင့် ကူးစက်နိုင်သော ရောဂါ၊တီဘီ၊ ဆီးချိုရောဂါ၊ အာဟာရချို့တဲ့မှုနှင့် အခြားကူးစက်နိုင်သော ရောဂါအနည်းငယ် ဖြစ်ပွားတတ်ပါသည်၊ ထိုကြောင့် ကျေးရွာတွင် အဆိုပါရောဂါများမှအပ ကျန်ရောဂါများမှာ မရှိသလောက် နည်းပါး ပါသည်။ ကျွန်ုပ်တို့ ကျေးရွာတွင် ကျန်းမာရေး ဟောပြောပွဲများ တစ်ခါတစ်ရံပြုလုပ်ပေးလေ့ရှိပြီး ကျန်းမာရေး ဆေးစိမ်ခြင်ထောင် များလည်း ပေးလေ့ရှိပါသည်။ ထို့ကြောင့် မြခါးပတ်ကျေးရွာရှိ ကျေးရွာသူ/သား များသည် ကျန်းမာရေးဆိုင်ရာ ဗဟုသုတ

**အနည်းငယ် ရှိကြပါသည်။**

## (၇.၂) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

**ဇယား (၂၀) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု**

| စဉ် | ကာကွယ်ဆေးထိုးခြင်း (ရှိ၊ မရှိ အမှန်ခြစ်ရန်) | ရှိ | မရှိ |
|---|---|---|---|
| ၁ | အဆုတ်ရောဂါ | | ✔ |
| ၂ | ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်နှင့် အသည်းရောင် အသားဝါ | ✔ | |
| ၃ | ပိုလီယိုရောဂါ | ✔ | |
| ၄ | မေးခိုင် (ကိုယ်ဝန်ဆောင် ကာလအတွင်း) | ✔ | |
| ၅ | ဝက်သက်ရောဂါ | ✔ | |
| ၆ | အခြား စုပေါင်း**ကာကွယ်ဆေးထိုးနှံမှု** | ✔ | |
| ၇ | အာဟာရ မှတ်တမ်းယူမှု(အရပ်အမြင့်၊ အလေးချိန်၊ လက်မောင်းပတ်) | ✔ | |
| ၈ | အာဟာရပညာပေး အစီအစဉ် | | ✔ |

**ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။**

**လေ့လာတွေ့ရှိချက်။ ။ မြခါးပတ်ကျေးရွာတွင် လွန်ခဲ့သော (၁၂) လအတွင်း အဆုတ်ရောဂါ၌ ကာကွယ်ဆေးထိုးမှုအပ ကျန်ရောဂါများအတွက် ကာကွယ် ဆေးထိုးနှံမှုများရှိပါသည်။ထို့အပြင် ကလေးငယ်များအတွက် ဂျပန်ဦးနှောက်ရောင်ရောဂါကာကွယ် ဆေးထိုးနှံမှုလည်း ပြုလုပ်ပေးခဲ့ပါသည်။ ကိုယ်ဝန်ဆောင်များအတွက် တစ်လတစ်ကြိမ် မေးခိုင်ကာကွယ်ဆေး ထိုးနှံပေးခြင်း၊ သံဓါတ်အား ဆေးပေးခြင်း စသည်တို့ကိုလည်း ဆောင်ရွက်ပေးပါသည်။ အခြားစုပေါင်း ကာကွယ် ဆေးထိုး နှံမှုနှင့် အာဟာရမှတ်တမ်းယူမှုတို့မှာ တစ်လ တစ်ကြိမ် (သို့မဟုတ်) နှစ်ကြိမ်ခန့် ပုံမှန်ပြုလုပ်ပေးနေပြီး အာဟာရပညာပေး အစီအစဉ်များ ပြုလုပ်မှုအားနည်းနေပါသည်။**

## (၇.၃) ကျန်းမာရေးအထောက်အပံ့များ (ဆေးရုံ/ဆေးပေးခန်းများ)

ဇယား (၂၁) ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

| ကျန်းမာရေး ဝန်ဆောင်မှု | ခရီးအကွာအဝေး (မိုင်) | အခန်း/ကုတင်လုံလောက်မှု |
|---|---|---|
| ကျေးလက်ကျန်းမာရေး ဌာန/ ဌာနခွဲ | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ✔<br>၃ မိုင် မှ ၅ မိုင် ☐<br>၅ မိုင် မှ ၁၀ မိုင် ☐<br>၁၀ မိုင်အထက်☐ | ရှိ ✔<br>မရှိ ☐ |
| တိုက်နယ် ဆေးရုံ | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၃ မိုင် မှ ၅ မိုင် ☐<br>၅ မိုင် မှ ၁၀ မိုင် ☐ | ရှိ ☐<br>မရှိ ✔ |

| ကျန်းမာရေး ဝန်ဆောင်မှု | ခရီးအကွာအဝေး (မိုင်) | အခန်း/ကုတင်လုံလောက်မှု |
|---|---|---|
| | ၁၀ မိုင်အထက်☐ | |
| မြို့နယ် ဆေးရုံ | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၃ မိုင် မှ ၅ မိုင် ☐<br>၅ မိုင် မှ ၁၀ မိုင် ✔<br>၁၀ မိုင်အထက်☐ | ရှိ ☐<br>မရှိ ☐ |

**ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။**

**လေ့လာတွေ့ရှိချက်။ ။ မြခါးပတ်ကျေးရွာသည် အုပ်စုခွဲကျေးရွာဖြစ်၍ ကျေးလက်ဆေးပေးခန်းမရှိပါ။ ကျန်းမာရေးဝန်ဆောင်မှုအတွက်ကြီးကြပ်(၂)ဆရာမ တစ်ဦးရှိပါသည်။ ဆရာမအား နေ့ည အချိန်မရွေးခေါ်ဆိုရန် အဆင်ပြေပါသည်။ ကျေးလက်ကျန်းမာရေးဌာနခွဲသို့သွားရန် (၂/၂)မိုင်ခန့် ကွာဝေးပါသည်။ ဆေးပေးခန်းမှာ အခန်း၊ ကုတင်နှင့် ဆေးဝါးများလည်း ရှိသင့်သလောက် ရှိပါသည်။ ကျေးရွာထဲတွင် ဆေးဆိုင်များ မရှိပါ။ ကဒက်ကြီးကျေးရွာ(သို့) ရေဖြူကျေးရွာတို့တွင် သွားရောက် ဝယ်ယူကြပါသည်။ ရောဂါအခြေအနေများ ဆိုးလာပါက (၉) မိုင်ဝေးသည့် လောင်းလုံးမြို့နယ်ဆေးရုံ (သို့မဟုတ်) (၂၀) မိုင်ဝေးသည့် ထားဝယ်မြို့နယ်ဆေးရုံသို့ သွားရောက်ကုသကြပါသည်။ အခန်း၊ ကုတင်၊ ဆေးဝါးများလည်း လုံလောက်စွာ ရှိပါသည်။ ဆရာ၊ ဆရာမများလည်း နွေးထွေးယုယစွာ ပြုစုကြပါသည်။ ကျွန်ုပ်တို့ကျေးရွာတွင် ယူနီဆက်အဖွဲ့မှ ဦးဆောင်၍ ကျန်းမာရေး ဟောပြောပွဲ များလည်း တစ်နှစ် (၁-၂) ကြိမ်ပြုလုပ်ပေးလေ့ ရှိသဖြင့် ကျန်းမာရေးဗဟုသုတ ပုံမှန်ထက် ရှိကြ ပါသည်။**

**(၇.၄) ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး**

**(၇.၄.၁) သောက်သုံးရေရရှိမှု**

ဇယား (၂၂) သောက်သုံးရေရရှိနိုင်မှု

| ရေရရှိနိုင်မှု | အသုံးပြုသော အိမ်ထောင်စု | ရေ အရည်အသွေး | လုံလောက်မှု (မိုး၊ ဆောင်း၊ နွေ) |
|---|---|---|---|
| ရေတွင်း | ၁၅၆ | ကောင်း ✔ သင့်☐ ညံ့☐ | ဥတုသုံးပါးစလုံးရေလုံလောက်စွာရရှိနိုင် ပါသည်။ |
| အဝီစိတွင်း/ စက်တပ် | - | ကောင်း☐ သင့်☐ ညံ့☐ | |
| အဝီစိတွင်း/ တုံကင် | - | ကောင်း☐ သင့်☐ ညံ့☐ | |
| မိုးရေ သိုလှောင်ကန် | | ကောင်း☐ သင့် ✔ ညံ့☐ | |
| မြစ်/ချောင်းရေ | - | ကောင်း☐ သင့် ✔ ညံ့☐ | |
| ရေကန် | | ကောင်း☐ သင့် ✔ ညံ့☐ | |
| စိမ့်စမ်းရေ | - | ကောင်း☐ သင့် ✔ ညံ့☐ | |

**ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးရွာသယံဇာတပြမြေပုံ။**

**လေ့လာတွေ့ရှိချက်။ ။ မြခါးကျေးရွာရှိ အိမ်ထောင်စုအားလုံးသည် သောက်သုံးရေအဖြစ်**

ရေတွင်းကိုသာ အဓိကထားအသုံးပြုကြပါသည်။ ရာသီမရွေး လုံလောက်စွာ အသုံးပြုနိုင်ပြီး ရေအရည် အသွေးလည်း ကောင်းမွန်ပါသည်။ကျေးရွာတွင် လက်တူးရေတွင်း(၁၃၇)တွင်းရှိပြီး ကျန်အိမ်ထောင်စုများမှာ မျှတသုံးစွဲကြပါသည်။ ထို့ကြောင့် မြခါးပတ်ကျေးရွာတွင် ရေတွင်းမှအပ အဝီစိတွင်း၊(စက်တပ်)၊ အဝီစိတွင်း(တုံကင်)၊ မိုးရေ သိုလှောင်ကန်၊ မြစ်/ချောင်းရေ၊ ရေကန်နှင့် စိမ့်စမ်းရေ သုံးစွဲမှုများ မရှိသလောက်နည်းပါးပါသည်။

## (၇.၄.၂) သန့်ရှင်းရေးအခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စုအရေအတွက်)

ဇယား (၂၃) အိမ်သာ အ မျိုးအစား

| သုံးစွဲနိုင်သော အိမ်သာ အမျိုးအစား | သုံးစွဲနိုင်သော အိမ်ထောင်စု |
|---|---|
| **သန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု** | |
| ရေဆွဲ အိမ်သာ | ၃၁ |
| ရေလောင်း/ယင်လုံအိမ်သာ | ၈၁ |
| **မသန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု** | |
| တွင်း/ဇလားအိမ်သာ | ၂ |
| တွင်းမရှိ အိမ်သာ | - |
| အိမ်သာမရှိ | ၄၂ |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ မြခါးပတ်ကျေးရွာတွင် သန့်ရှင်းသော အိမ်သာ သုံးစွဲမှုမှာ ကျေးရွာ၏ (၇၂%)ခန့် ရှိပါသည်။ ၎င်းအပြင် တွင်း/ဇလား အိမ်သာ အသုံးပြုသူ(၂)အိမ်၊ အိမ်သာမရှိသော အိမ်ထောင်စု(၄၂)စုလည်း ရှိပါသည်။ အိမ်သာမရှိသူများမှာ အများအားဖြင့် လက်လုပ်လက်စား ကျပန်းအလုပ်သမားများဖြစ်ကြပါသည်။ ထိုအိမ်ထောင်စုများမှာ အိမ်နီးချင်းများ(သို့) ဆွေမျိုးသား ချင်းများ၏ အိမ်သာများတွင် ကြုံသလိုဖြေရှင်းကြပါသည်။ ထို့ကြောင့် ငွေကြေး အခက်အခဲရှိသော အိမ်ထောင်စုများအတွက် သန့်ရှင်းသောယင်လုံအိမ်သာများ ရရှိနိုင်ရေးအတွက် ကျန်းမာရေးဌာနနှင့် ရွာသူ/သားများ၊NGO အဖွဲ့များနှင့် ပူးပေါင်းကာ ဆောင်ရွက်ရန် လိုအပ်နေပါသည်။

### (၈) ဘေးအန္တရာယ်များ

ဇယား (၂၄) ကျေးရွာ၏ ထိခိုက်နိုင်သည့် ဘေးအန္တရာယ်များ အခြေအနေ

| စဉ် | ဘေးအန္တရာယ် အမျိုးအစား | အန္တရာယ်ရှိနိုင်မှုအခြေအနေ ရှင်းလင်းဖော်ပြချက် |
|---|---|---|
| ၁ | စားနပ်ရိက္ခာ မဖူလုံမှု | - |
| ၂ | သဘာဝရင်းမြစ်ရှားပါးမှု(မြေ၊ စိုက်ပျိုးရေး) | အနည်းအငယ်ရှိ |
| ၃ | ရေကြီးခြင်း | တစ်ခါတစ်ရံဖြစ် |
| ၄ | မိုးခေါင်ခြင်း | - |
| ၅ | အအေးလွန်ကဲခြင်း | - |

| စဉ် | ဘေးအန္တရာယ် အမျိုးအစား | အန္တရာယ်ရှိနိုင်မှုအခြေအနေ ရှင်းလင်းဖော်ပြချက် |
|---|---|---|
| ၆ | မုန်တိုင်း | - |
| ၇ | လျှော့ | - |
| ၈ | မီးဘေး | - |
| ၉ | ဆားငန်ရေဝင်မြေ | - |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု | - |
| ၁၁ | သစ်တောပြုန်းတီးခြင်း | အနည်းအငယ်ရှိ |
| ၁၂ | ငှက်ဖျားရောဂါ | - |
| ၁၃ | တီဘီရောဂါ | - |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | - |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | - |
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | အနည်းအငယ်ရှိ |
| ၁၇ | လူကုန်ကူးခြင်း | - |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည် | - |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ မြခါးပတ်ကျေးရွာအနေဖြင့် စားနပ်ရိက္ခာ မဖူလုံမှုမှာ မရှိသလောက် နည်းပါးပါသည်။ သဘာဝအရင်းအမြစ်စိုက်ပျိုးရေးမှာ တိုးချဲ့ရန် စိုက်ပျိုးမြေများ ရှိသော်လည်း ချောင်းမြောင်း တိမ်ကောခြင်းကြောင့် စိုက်ပျိုးရေအနည်းအငယ်ခက်ခဲပါသည်။ ထို့ကြောင့် တိမ်ကောနေသော ချောင်းမြောင်းများအား ပြန်လည်တူးဖော်ရန် လိုအပ်နေပါသည်။ မိုးခေါင်ခြင်း၊ အအေးလွန်ကဲခြင်း၊ မုန်တိုင်း၊ လျှော့၊ မီးဘေး စသည့်တို့ မရှိပါ။ရေကြီးခြင်းမှာ(၄)နှစ်လောက်တွင် တစ်ကြိမ် ကြုံတွေ့ရသော်လည်း အန္တရာယ်ဖြစ်ဖွယ် ထိခိုက်မှုများမရှိပါ။ သစ်တောပြုန်းတီးမှုနှင့် တိရစ္ဆာန်ကူးစက်ရောဂါ ဖြစ်ပွားမှု အနည်းငယ်ရှိပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့ကျေးရွာတွင် ထိခိုက်နိုင် သည့် ဘေးအန္တရာယ်မှာ စိုက်ပျိုးရေ၊ ရေကြီးခြင်း၊ သစ်တောပြုန်းတီးခြင်းနှင့် တိရစ္ဆာန် ရောဂါ ကျရောက်နိုင်မှု အနည်းငယ်ဖြစ်ပွားမှုမှအပ ကျန်ရှိသည့် ဘေးအန္တရာယ်ကျရောက်မှုများ မရှိပါ။

(၉) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များအခြေအနေ

ဇယား (၂၅) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များအခြေအနေ

| အကြောင်းအရာ | အန္တရာယ်ရှိမှု(နိမ့်၊လတ်၊မြင့်) | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|---|
| မြေဆီသြဇာအခြေအနေ | နိမ့် | သဲ၊နုန်းမြေများဖြစ်ခြင်း |
| အပင်မျိုးစိတ်များ | နိမ့် | ဖျက်ပိုးနှင့်ရောဂါကျရောက်မှု အနည်းငယ်းရှိ |
| ရေအရင်းအမြစ် | နိမ့် | ချောင်း၊စိမ့်စမ်းရေမှ ရရှိနိုင်ခြင်း |
| ငါးမျိုးကွဲများ | - | မရှိပါ |
| အခြားတိရစ္ဆာန်မျိုးကွဲများ | - | မရှိပါ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျွန်ုပ်တို့ကျေးရွာတွင် သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ် စီမံခန့်ခွဲမှုအတွက် အလေ့အကျင့်၊ အခက်အခဲများမှာ မြေဆီသြဇာ ပျက်စီးမှုအခြေအနေမှာ နိမ့်ပါသည်။ စနစ်တကျ စိုက်ပျိုးရန် နည်းလမ်းကောင်းများနှင့် အထွက်တိုးနည်းပညာများအတွက် ဟောပြောပွဲ ပြုလုပ်ပေးရန် လိုအပ်ပါသည်။ အပင်မျိုးစေ့များအတွက် အန္တရာယ်ဖြစ်မှုမှာ နိမ့်ပါးပါသည်။ မျိုးစေ့အများစုမှာ ကောင်းမွန်နေသော်လည်း ဖျက်ပိုးနှင့် ရောဂါ ကာကွယ် ထိန်းချုပ်မှုအတွက် အန္တရာယ်ရှိမှုမှာ မြင့်မားနေပြီး အဓိကအားဖြင့် နည်းပညာများ လိုအပ်မှုတို့ကြောင့် ဖြစ်ပါသည်။ရေအရင်းအမြစ်အတွက် အန္တရာယ်ရှိမှုမှာ အနည်းငယ်သာရှိ၍ အဓိကအားဖြင့် ချောင်းမြောင်းများ တူးဖော်ရန်လိုအပ်နေပါသည်။ ငါးမျိုးကွဲများနှင့် အခြား တိရစ္ဆာန်မျိုးကွဲများ မရှိပါ။

**(၁၀) ကျား – မ ရေးရာ**

ဇယား (၂၆) ကျား – မ ရေးရာ

| # | *ကျေးရွာ၏ လူမှုစီးပွား ဖွံ့ဖြိုးစေရေးအတွက် အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြှင့်သင့်သော အချက်များ* | *ဦးတည်အုပ်စုဆွေးနွေးပွဲတွင် တက်ရောက်သူများမှ မှန်သည်ဟု ယူဆသော တစ်ခုကို ရွေးပေးပါရန်* | |
|---|---|---|---|
| ၁ | ကျေးရွာ စီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်မှု/ခေါင်းဆောင်မှု | ရှိ☐ | မရှိ✓ |
| ၂ | ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများတွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်ဆောင်ရွက်မှု | ရှိ✓ | မရှိ☐ |
| ၃ | လွန်ခဲ့သောနှစ်အတွင်း ကျေးရွာအတွင်းရှိ မိန်းကလေးများ/အမျိုးသမီးများအား သံသယဖြစ်ဖွယ် အကြမ်းဖက်မှု (သို့) တိုင်ကြားမှုများ | ရှိ☐ | မရှိ✓ |
| ၄ | အမျိုးသမီးရေးရာ အကြမ်းဖက်မှုများအတွက် ဥပဒေနှင့် တရားမျှတမှုဆိုင်ရာများအတွက် လူထု၏ အသိအမြင်ရှိမှု | ရှိ✓ | မရှိ☐ |

ရင်းမြစ်(၁) အဖွဲ့အစည်းများစာရင်း၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း- ရပ်မိရပ်ဖအုပ်စု၊ အမျိုးသမီးအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ မြခါးပတ်ကျေးရွာတွင် ကျေးရွာစီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်နေမှု၊ ခေါင်းဆောင်မှုတို့မှာ မရှိသလောက်နည်းပါးသော်လည်း ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများနှင့် အဖွဲ့အစည်းများတွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်မှုမှာ အားရစရာဖြစ်ပါသည်။ လွန်ခဲ့သောနှစ်အတွင်း ကျေးရွာအတွင်းရှိ မိန်းကလေးများ/ အမျိုးသမီးများအား သံသယဖြစ်ဖွယ် အကြမ်းဖက်မှု (သို့) တိုင်ကြားမှု များ မရှိခဲ့ပါ။ အမျိုးသမီးရေးရာ အကြမ်းဖက်မှုများအတွက်၊ ဥပဒေနှင့်တရား မျှတမှုဆိုင်ရာများအတွက် လူထု၏ အသိအမြင်ရှိမှုမှာ နည်းပါးသဖြင့် တရားမျှတမှု ဆိုင်ရာ အသိပညာပေး ဟောပြောပွဲများ ပြုလုပ်ရန် လိုအပ်နေပါသည်။

## ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား(မြဓါးပတ်ကျေးရွာ)

| စဉ် | ပြဿနာ | အကြောင်းရင်း | အခြေအနေ ကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းမည့်နည်း လမ်းများ | အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၁ | **စိုက်ပျိုးရေး** | | | | | |
| ၁ | • ချောင်းမြောင်းများ မကောင်းခြင်း | •သစ်ပင်၊ဝါးပင်များပေါများခြင်း<br>•မြေများပြိုကျခြင်း<br>•ရေစီးမသန်ခြင်း | • ဆည်မြောင်းများရှိခြင်း | • ဆည်မြောင်းများ တိမ်ကောနေခြင်း | • ဆည်မြောင်းဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ရန် | • ဆည်မြောင်းများ ပြန်လည်တိုးချဲ့ခြင်း လုပ်ငန်းဆောင်ရွက်ခြင်း |
| ၂ | • ပိုးနှင့်ရောဂါကျရောက်ခြင်း | •နည်းပညာဝန်ဆောင်မှု အားနည်းခြင်း | •နည်းပညာသင်တန်း များပေးပါက သင်ယူလိုစိတ်ရှိခြင်း | • စိုက်ပျိုးရေးဌာနနှင့် ချိတ်ဆက်မှု အားနည်း ခြင်း | • စိုက်ပျိုးရေးပညာများ ရရှိအောင် စိုက်ပျိုးရေး ဦးစီးဌာနနှင့် ချိတ်ဆက် ခြင်း | • စိုက်ပျိုးရေးနည်းပညာပေးသင်တန်းများ ဖွင့်လှစ်ခြင်း |
| ၂ | **ပညာရေး** | | | | | |
| ၃ | • ချောင်းမှ ရေဝင်ခြင်း<br>• ကလေးများယာဉ်အန္တရာယ်စိုးရိမ်ရခြင်း | • ကျောင်းခြံစည်းရိုးဖရိုဖရဲ ဖြစ်ခြင်း | • သဲ၊ကျောက်စရစ်များ လှူဒါန်းပါဝင်နိုင်ခြင်း | • ကျောင်းအကျိုးတော်ဆောင်များအင်အား တောင့်တင်းမှုအား နည်းခြင်း | • ကျောင်း အကျိုးတော်ဆောင်နှင့်ရပ်မိရပ်ဖများ ပူးပေါင်း၍ လိုအပ်ချက်များတင်ပြတောင်းဆိုခြင်း၊ | • ကျောင်းခြံစည်းရိုး(၆၀၀ ' ×၆ ') အား ကွန်ကရစ်ခြံစည်းရိုးအဖြစ် ပြုပြင်ခြင်း |
| ၄ | • စာရေးခုံများ မလုံလောက်ခြင်း | • ကျောင်းသားဦးရေများ လာခြင်း | • ကျောင်းသားမိဘများမှ အလှူငွေအနည်းငယ် ထည့်ဝင်နိုင်ခြင်း | • ငွေကြေးမတတ်နိုင်ခြင်း | • သက်ဆိုင်ရာ အလှူရှင်များနှင့် ချိတ်ဆက်ခြင်း | • စာရေးခုံ( ၆ )စုံလိုအပ်ခြင်း |
| ၅ | • ပြတင်းပေါက်များ ပျက်စီးခြင်း | • ကျောင်းအဆောက်အဦ ဟောင်းနွမ်းပျက်စီးလာခြင်း | • ယခုနှစ်တွင်(၄၀ ' ×၃၀ ' ×၁၅ ')ရှိ ကျောင်းဆောင်အသစ်ရရှိခြင်း | • ငွေကြေးမတတ်နိုင်ခြင်း | • ပညာရေးဌာနနှင့် ချိတ်ဆက်ခြင်း | • (၄ ' ×၃ ')ရှိပြတင်းပေါက်( ၁၁ ) ပေါက် ပြုပြင်ရန်လိုအပ်ခြင်း |

| စဉ် | ပြဿနာ | အကြောင်းရင်း | အခြေအနေ ကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းမည့်နည်းလမ်းများ | အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၆ | • KG ကလေးများ ပစ္စည်းအစုံအလင် ဖြင့် မကစားနိုင်ခြင်း | •ကလေးများကိုယ်လက်လှုပ်ရှားမှုအားနည်းခြင်း | • ကစားစရာအနည်းငယ်ရှိခြင်း | • ငွေကြေးမတတ်နိုင်ခြင်း | • သက်ဆိုင်ရာ အလှူရှင်များနှင့် ချိတ်ဆက်ခြင်း | • KGအတန်းတွင် ကစားစရာများ လိုအပ်ခြင်း |
| ၃ | **ကျန်းမာရေး** | | | | | |
| ၇ | • ကျန်းမာရေးဆိုင်ရာဝန်ဆောင်မှုများ အချိန်မီ မရှိနိုင်ခြင်း | • ဆေးပေးခန်းမရှိခြင်း<br>• လမ်းမကောင်းခြင်း | • ကျေးရွာတွင်ကြီးကြပ်ဆရာမရှိခြင်း | • အုပ်စုခွဲ ကျေးရွာဖြစ်ခြင်း | • ကျန်းမာရေးဌာန/အလှူရှင်နှင့် ချိတ်ဆက်ရန် | • ဆေးပေးခန်းတည်ဆောက်ခြင်း |
| ၈ | • ရောဂါဘယများ ထူပြားခြင်း | • အမှိုက်များစည်းမဲ့စွန့်ပစ်ခြင်း<br>• ယင်လုံအိမ်သာသုံးစွဲမှုအားနည်းခြင်း<br>• သန့်ရှင်းမှုအားနည်းခြင်း | • ကျေးရွာတွင် ကျန်းမာရေးဝန်ဆောင်မှုပေးရန် အဖွဲ့ရှိခြင်း<br>• ယူနီဆက်အဖွဲ့မှ ဟောပြောပွဲများတစ်ခါတစ်ရံပြုလုပ်ပေးခြင်း | - | • ကျန်းမာရေးဌာန၊အခြားပြင်ပ ကျန်းမာရေး ဝန်ဆောင်မှုပေးနိုင်သော အဖွဲ့အစည်းများနှင့် ချိတ်ဆက်ခြင်း | • ကျန်းမာရေးဆိုင်ရာ ဟောပြောပွဲများ ပြုလုပ်ခြင်း |
| ၄ | **လမ်း၊ တံတား၊ လျှပ်စစ်** | | | | | |
| ၉ | • **မိုးရာသီတွင် ရေများကျော်ခြင်း**<br>• **သွားရေးလာရေးခက်ခဲခြင်း** | • မြေသားလမ်းချောမွတ်မှု မရှိခြင်း<br>• လမ်းကျဉ်းမြောင်းခြင်း | • **ကျေးရွာ အဖွဲ့အစည်းများနှင့်ရပ်မိရပ်ဖများ အင်တိုက်အားတိုက် လုပ် အားပါဝင်ပေးနိုင်ခြင်း**<br>• **သဲ၊ကျောက်စရစ်များ ပါဝင်လှူဒါန်းပါဝင်နိုင်ခြင်း** | • **ဆင်းရဲသားလူတန်းစားများခြင်း** | • **ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း** | • ပြင်ချောင်း-မြခါးပတ်ကျေးရွာချင်းဆက်လမ်းအား(၁၉၀၀ ' ×၃၀ ' ×၆ ' ) မြေသားလမ်းအသစ်ဖောက်လုပ်ခြင်း |
| ၁၀ | • **လမ်းပေါ်သို့ရေကျော်ခြင်း** | • မြေသားလမ်းဖြစ်ခြင်း | • **ကျေးရွာနေပြည်သူများမှတစ်နှစ်(၂)ကြိမ်ပြုပြင်ခြင်း** | • **ငွေကြေးမတတ်နိုင်ခြင်း** | • **ကျေးရွာအုပ်ချုပ်ရေးမှူးမှ သက်ဆိုင်ရာဌာနတွင် တင်ပြတောင်းခံခြင်း** | • ကျေးရွာတွင်းလမ်း(၅၃၀၀ ' ×၃၀ ' ×၆ ' )မြေသားလမ်းအား ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ခြင်း |
| ၁၁ | • **တံတားပေါ်မှ သတိထားသွားလာနေရခြင်း** | • တံတားများတည်ဆောက်ထားသည်မှာကြာမြင့်နေ | • **လုပ်ငန်းဆောင်ရွက်ပါက ကျေးရွာမှ လုပ်အား** | • **ဦးဆောင်မည့်သူမရှိခြင်း** | • **ကျေးလက်ဦးစီးနှင့် ချိတ်ဆက်ခြင်း** | • ကျေးရွာအတွင်း (၃၀ ' ×၈ ' ×၄ ' )ရှိ တံတား(၈)စင်းပြန်လည်ပြုပြင်ခြင်း |

| စဉ် | ပြဿနာ | အကြောင်းရင်း | အခြေအနေ ကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းမည့်နည်း လမ်းများ | အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| | | ခြင်း | ပါဝင်ပေးနိုင်ခြင်း<br>• သဲ၊ကျောက်စရစ်များ ပါဝင်လှူဒါန်းပါဝင်နိုင်ခြင်း | | | |
| ၁၂ | • မိုးရာသီ၌ ရေကြီးရေလျှံမှုများဖြစ်ပေါ်ခြင်း<br>• ထုတ်ကုန်များ စီးဆင်းမှု များ နှောင့်နှေးကြန့်ကြာ ခြင်း | • လမ်းမြေနိမ့်နေခြင်း<br>• လမ်းကျဉ်းမြောင်းခြင်း | • လမ်းချဲ့ရန် မြေနေရာ လှူဒါန်းနိုင်ခြင်း | • ငွေကြေးမတတ်နိုင်ခြင်း<br>• သက်ဆိုင်ရာဌာနနှင့်ချိတ်ဆက်မှုအားနည်းခြင်း | • ကျေးလက်ဦးစီးဌာနသို့ တင်ပြတောင်းခံခြင်း | • ကျေးရွာကုန်ထုတ်လမ်း(၂၀၀၀ ' ×၄၀ ')အား မြေသားလမ်း တိုးချဲ့ဖောက်လုပ်ခြင်းလုပ်ငန်း |
| ၁၃ | • ရေလုံလောက်မှုမရှိခြင်း | • ရေအရင်းအမြစ်မှ ရေရရှိမှုအားနည်းခြင်း<br>• သစ်ပင်၊ခြုံနွယ်၊ အမှိုက်များ ပေါများခြင်း | • ရေကန်ဆောက်လုပ်ရန် မြေနေရာရှိခြင်း<br>• ကျေးရွာတွင်ရေအနည်းငယ် ရရှိခြင်း | • သက်ဆိုင်ရာဌာနနှင့်ချိတ်ဆက်မှုအားနည်းခြင်း | • သန့်ရှင်းသော သောက်သုံးရေ ရရှိနိုင်ရန် အတွက် ကျေးလက်ဦးစီးဌာနသို့ တင်ပြတောင်းခံခြင်း | • စိမ့်စမ်းရေသွယ်တန်းခြင်းလုပ်ငန်း (၀/၅)မိုင်) |
| ၆ | လူငယ်ဖွံ့ဖြိုးရေး | | | | | |
| ၁၄ | • နီးစပ်ရာ ကျေးရွာများတွင်သွားရောက်ကစားနေရခြင်း | • အားကစားကွင်းမရှိခြင်း | • လူငယ်များ အားကစားပြုလုပ်ချင်သည့်စိတ်ရှိခြင်း | • မြေနေရာမရှိခြင်း<br>• မြေဝယ်ယူရန်ငွေကြေး မရှိခြင်း | • အလှူရှင်များ၊ သက်ဆိုင်ရာအဖွဲ့အစည်းဌာနများနှင့် ချိတ်ဆက်ခြင်း | • အားကစားကွင်းပြုလုပ်ခြင်း |
| ၁၅ | • နိုင်ငံခြားအရပ်ဒေသများတွင် သွားရောက်လုပ်ကိုင်စားသောက်နေရခြင်း<br>• အလုပ်အကိုင်ရှားပါးခြင်း | • အတန်းပညာနည်းပါးခြင်း | • သင်ယူလိုစိတ်ရှိခြင်း | • လက်လုပ်လက်စားများသဖြင့် အချိန်မပေးနိုင်ခြင်း | • သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း | • လူငယ်စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများ ပြုလုပ်ခြင်း<br>• အသက်မွေးဝမ်းကျောင်းပညာပေးသင်တန်းများ ပြုလုပ်ခြင်း |
| ၁၆ | • မူးယစ်ဆေးဝါးသုံးစွဲ မှုများလာခြင်း | • အသိပညာဗဟုသုတနည်းပါးခြင်း | | | • လက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ အသိပညာပေးဟောပြောပွဲများ ပြုလုပ်ခြင်း<br>• | • မူးယစ်ဆေးဝါးနှင့် ပတ်သက်၍ အသိပညာပေးဟောပြောပွဲများ ပြုလုပ်ခြင်း |

| စဉ် | ပြဿနာ | အကြောင်းရင်း | အခြေအနေ ကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းမည့်နည်း လမ်းများ | အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၇ | ဘဏ်နှင့်ငွေကြေးဝန်ဆောင်မှုလုပ်ငန်း | | | | | |
| ၁၇ | • ချေးငွေအားအတိုးနှုန်းကြီးစွာ ချေးနေရခြင်း<br>• လက်လုပ်လက်စားများ အတွက် အရေးပေါ်ကိစ္စများကြုံတွေ့ လာပါက ခက်ခဲခြင်း | • အတိုးနှုန်းသက်သာသော ချေးငွေမရရှိခြင်း | • ကျေးရွာတွင် ငွေကြေးဝန်ဆောင်မှု ပေးသည့် အဖွဲ့အစည်းများရှိခြင်း | - | • အတိုးနှုန်းသက်သာသော ချေးငွေ ရရှိရန်ဆောင်ရွက်ခြင်း | • မြစိမ်းရောင်ကျေးရွာစီမံကိန်းရရှိရန် တင်ပြတောင်းခံခြင်း |